
# မဝင်းမြင့်

## ဘယ်ရပ်ဌာနေ စံလေသည်မှန်း



နှစ်ပုဒ်ပေါင်းဒုတိယအကြိမ်

mgyoe.com

စာရေးဆရာမကြီး
မဝင်းမြင့်၏ အောင်မြင်သော
ဝတ္ထုများထဲမှ တစ်ပုဒ်၊

ဘဝအမျိုးမျိုး ပြောင်းလဲဖြတ်သန်းခဲ့ရသော
မသူဇာ၊ သမီးတစ်ကွဲ အမေတစ်ကွဲ အဖြစ်မှ
အားကိုးရာ ဖြစ်ခဲ့ရသူ ကိုကိုလေး၊
လောကခံမုန်တိုင်းကြားက ကချေသည်မလေး . . .

ရုပ်ရှင်အဖြစ်လည်း ရုပ်ရှင်မင်းသားကြီး ဝင်းဦး
သရုပ်ဆောင်ရိုက်ကူးခဲ့၊
ဝတ္ထု၏အဆက် လွမ်းပိုအောင် ကိုပါ
တစ်ပေါင်းတည်း ဖတ်ရှုနိုင်ကြရန်
ပူးတွဲ ရိုက်နှိပ်ထားပါသည်။

# မဝင်းမြင့်

## ဘယ်ရပ်ဌာနေ စံလေသည်မှန်း

ISBN9789997115928
MWM1
9 789997 115928
2,800.00KS

mgyoe.com

ဘယ်ရပ်ဌာနေ စံလေသည်မှန်း မဝင်းမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၄၉+ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၂ သွေးသောက်တိုက်ထုတ် ပထမအကြိမ်မူ၊

ရောင်းဈေး ၂၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘယ်ရပ်ဌာနေ စံလေသည်မှန်း

## မဝင်းမြင့်

ဝတ္ထု၏အဆက် 'လွမ်းပိုအောင်'
ပါဝင်သည်။

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဘယ်ရပ်ဌာနေ စံလေသည့်မှန်း ၁

၂။ လွမ်းပိုအောင် ၁၀၂


◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



သမီးပျောက်ရှာနေသူ ဒေါ်ခင်ကြီး



အကြောင်းကံ
မလှသဖြင့်
သူတစ်ပါးအိမ်တွင်
အစေအပါးဘဝ
ဖြစ်လာရသူ
မသူဇာ

mgyoe.com

mgyoe.com





တစ်နေ့တော့ဖြင့်
သူအလွန်တွေ့ချင်နေသော
မွေးမိခင်ကြီးကို
တွေ့ရမည်ဟု မသူဇာက
မျှော်လင့်သည်...



ဆင်ကြံကြံနေသော
ကိုကိုကြီး၏
လက်တွင်းမှ
မသူဇာခမျာ...

mgyoe.com

mgyoe.com



မသူဇာခမျာ...
'သော်ကမြိုင်'
အိမ်ကြီးတွင်
နေသာ
နေရသော်လည်း
တစ်နေ့မှ
စိတ်မချမ်းသာ...





စန်းစန်းဝေ၊ သန်းသန်းဆွေတို့ ညီအစ်မကြားတွင်
မသူဇာခမျာ မလူးသာ မလွန့်သာ...

mgyoe.com

mgyoe.com



ကျေးရူးရှင်ကြီး၏
သွန်သင်ချက်ဖြင့်
တစ်ဘဝပြောင်းဦးမည့်
မသူဇာ...



မသူဇာ၏ အားကိုးရာကား
ကိုကိုလေးပါလား...

mgyoe.com

mgyoe.com

# ဘာယ်ရပ်ဒွာနေ စံလေသည့်မှန်း

mgyoe.com

mgyoe.com

နီရဲသောအရောင်ဖြင့် သွယ်လျရှည်လျားသော သော်ကပန်းခက်ကြီးများ တွဲရရွဲစီရစီဖြင့် ပင်လုံးကျွတ်ဖူးပွင့်နေသော ကြီးမားသည့်သော်ကပန်းပင်များ ခြံစည်းရိုးတစ်လျှောက်ဝယ် အုပ်ဆိုင်း မှိုင်းမှောင်နေသည့် ကျယ်ဝန်းသောခြံကြီးကား ပြည်လမ်းမကြီးဘေးဝယ် စိတ်အေးကြည်နူးဖွယ် ကောင်းလှပေ၏။ ခြံကြီး၏ အဝင်တံခါးဝအိမ်တိုင်တွင် ပြောင်လက်တောက်ပနေသော ကြေးဝါဖြင့် "သော်ကမြိုင်"ခြံဟု စာလုံးဖော်ထားသော ဆိုင်းဘုတ်သည် ဝင့်ကြွားစွာရှိလေသည်။ ခြံကြီးအတွင်းမှာအရောင်မျိုးစုံ ဖူးပွင့်နေသော ပန်းပင်များ၏အလယ်တွင် ထည်ဝါစွာ တည်ရှိသော ခံ့ညားလှပသည့် နှစ်ထပ်တိုက်ကြီး၏ဆင်ဝင်ဆောင်ထိပ် မှာလည်း"သော်ကမြိုင်ဂေဟာ" ဟူသော ငွေဖြင့်စာလုံးဖော်ထားသည့် ဆိုင်းဘုတ်ချိတ်ထားသေးသည်။

ဆင်စွယ်ရောင် ဆေးသုတ်ထားသော တိုက်ကြီး၏ မှန်ပြတင်းတိုင်းမှာ ပင်လယ်ရေရောင်ဖြစ်သည့် စိမ်းပြာရောင် ပိုးခန်းဆီးများ တပ်ထားသဖြင့် စိမ်းညိုဝေဆာသော သော်ကပင်ကြီးများ အလယ်မှ ဤ တိုက်ကြီးကား ရှုမြင်ရသူအဖို့ စိတ်ဘဝင်မြူးရွှင် ကြည်နူးဖွယ်ကောင်းလှသည့် တိုက်ကြီးအတွင်းမှ ခင်းကျင်းထားသော အဖိုးတန်အိမ်ထောင်ပရိဘောဂ အသုံးအဆောင်များမှာလည်း တိုက် ကြီးပိုမိုတင့်

mgyoe.com

mgyoe.com



တယ်အောင် ကြက်သရေဆောင်နေသည်ဖြစ်ရာ ဤတိုက် အတွင်းမှာ နေထိုင်သူများအဖို့ သောကဟူ၍မြူမျှမရှိ၊ ပကတိ အေးချမ်းကြည်နူး ဖွယ်ပင်ဟု ထင်ရပေသည်။

သို့သော် ဤတိုက်ကြီးအတွင်းမှ အိမ်ကြီးကျွန် "မိဇာ"အဖို့ကား မအေးချမ်း မကြည်နူးနိုင်ရှာပေ။

"သော်ကမြိုင် ဂေဟာ"ကား သူ့အဖို့ သောကတွေလှိုင်လှိုင်နေသော ငရဲပြည်တမျှ စိတ်ဆင်းရဲရရှာသည်။ မိဇာကျရသည့် မျက်ရည်များ ကြောင့်ပင် သော်ကပင်ကြီးများ သန်စွမ်းနေဟန်တူ၏။

"ရှိခိုးပါရဲ့ ကိုကိုကြီးရယ်...ကျွန်မအားကိုးရာမဲ့တဲ့ ဒုက္ခသည်ပါ၊ ကိုကိုကြီးတို့ကို မိဘလိုပဲသတ်မှတ်ပါတယ်။ ကျွန်မကို မဖျက်ဆီးပါနဲ့..."

ဟန်ဆောင်မှုကင်းမဲ့စွာ ရိုးသားသောအသံဖြင့် အိမ်စေမ "မိဇာ"က တောင်းပန်ရှာ၏။ မီးဖိုတံခါးပေါက်ဝတွင်ပိတ်ပြီး မားမားကြီး ရပ်နေ သော ကိုကိုကြီးကား အိမ်စေမကလေး မိဇာ၏ တောင်းပန်ချက်ကို ရွေးစေ့မျှ မဖြုံချေ။ အသည်းနှလုံး ကင်းမဲ့သော ကိုကိုကြီးအဖို့ သနား ကြင်နာခြင်း၊ နှမချင်းစာနာခြင်းဆိုသည်မှာ ဖြူသည်မည်းသည်ဟု မသိနားမလည်ချေ။ ရာဂအခိုးများ ထောင်းထောင်းထွက်နေသော မျက်လုံးဖြင့် မိဇာအား ပြူးပြူးကြီး စိုက်ကြည့်နေ၏။ မိဇာသည် ထိုစကားတစ်ခွန်းကိုသာပြောပြီး ကိုကိုကြီးအား ဂရုစိုက်မနေတော့ဘဲ ထက်မြက်သော ဓားဦးချွန် တစ်ချောင်းဖြင့် လုပ်လက်စအလုပ်ဖြစ်သော ကြက်သွန်အခွံသင်ခြင်းကို ဆက်လုပ်နေသည်။ ကိုကိုကြီး၏ ဇနီးချော စန်းစန်းဝေနှင့် စန်းစန်းဝေ၏ ညီမ သန်းသန်းဆွေတို့ မြို့ထဲအလည် အပတ်ထွက်ရာမှ ပြန်လာလျှင် အဆင်သင့်ဖြစ်အောင် အချိန်မီ ချက်ပြုတ် ရပေမည်။ ထိပ်ထား သခင်မ နှစ်ယောက် ပြန်လာ၍ ထမင်းပွဲအဆင်သင့် မဖြစ်ပါက သူ့ပါးတွင်လက်ငါးချောင်းရာ ထင်တော့မည်ကို မိဇာ အတပ်

mgyoe.com

mgyoe.com


သိပြီးဖြစ်၏။

"အစန်းတို့ မသိစေရပါဘူးဟာ…၊ နင့်ကို တစ်လအစိတ် ငါထောက်ပံ့ပါ့မယ်…"

ထိုသို့ပြောရင်း ကိုကိုကြီးက ရှေ့သို့တိုးလာ၏။ မိဇာသည် ကြက်သွန်သင်နေသောဓားကို မြဲမြဲကိုင်ပြီး ထိုင်နေရာမှ လျင်မြန်စွာထလိုက်၏။

"ရှေ့မတိုးနဲ့နော် ကိုကိုကြီး၊ ကျွန်မ ငွေကိုတန်ဖိုးမထားဘူး။ ကျွန်မကိုယ်ကျွန်မ တန်ဖိုးထားတဲ့မိန်းမ"

လှူပါးစပ်က နတ်စကားထွက်သည့်နှယ် ဓားကိုကိုင်ပြီးပြောလိုက်သော မိဇာ၏ပြန်ကြားချက်ကြောင့် ကိုကိုကြီးသည် အံ့အားလည်းသင့်၊ ဒေါသ လည်းထွက်မိသည်။ အားကိုးမဲ့သည့် တစ်ကောင်ကြွက် အစေခံဖြစ်၍လည်း ငွေစကြေးစကို ပြလိုက်လျှင် အလွယ်နှင့် ရလိမ့်မည်ဟု ထင်ခဲ့မိသည်မှာ မှားလေပြီ။ အစေခံ ကျွန်ဟူသောနာမည်နှင့် မတန်အောင် ဖြူစင်လှပချောမောသော မိဇာသည် ကိုယ်ဟန်အမူအရာနှဲ့နှောင်း ပျော့ပျောင်းသည်နှင့်အမျှ တင်းမာသောစိတ်ဓာတ်ရှိကြောင်းကိုလည်း လက်တွေ့သိရကား ကိုကိုကြီးသည် မခံချိမခံသာ ဖြစ်နေ၏။

"အောင်မာ ကျွန်မက လှပါးဝလို့၊ နင့်ကိုယ်က ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ၊ ငါကမျှမျှတတစိတ်ထားပြီး ငွေကြေးထောက်ပံ့မယ် ပြောနေတာ၊ တစ်ပြားမှမပေးတော့ကော နင်ဘာတတ်နိုင်မှာလဲ၊ ငါ့လက်ကနင်လွတ်မယ်ထင်နေသလား…"

နှမချင်းမစာ ရက်ရက်စက်စက် ပြောလိုက်သော ကိုကိုကြီး၏ စကားများသည် မိဇာ၏အသည်းကို ဆုပ်ချေသကဲ့သို့ ဖြစ်သွားလေသည်။

"လွတ်အောင် ကြိုးစားရမှာပဲ ကိုကိုကြီး၊ ကျွန်မဟာ အစေခံ ကျွန်တစ်ယောက်ဖြစ်နေလို့ ထမင်းရှင်သခင်တွေရဲ့ ရိုက်နှက်ဆဲဆို သမျှ

mgyoe.com

mgyoe.com


ခံနိုင်ရည်ရှိပေမယ့် ကျွန်မဘဝကိုဖျက်ဆီးမှာတော့ ခံနိုင်ရည်မရှိဘူး။ အရှက်အကြောက်ကို ထိန်းသိမ်းရမယ့် လူစိတ်တော့ထားဖို့ နားလည်ပါသေးတယ်...”

လူစိတ်ထားဖို့ နားလည်ပါသေးတယ် ဟူသောမိဇာ၏ စကားကြောင့် ကိုကိုကြီးသည် ပြင်းပြသော ဒေါသဟုန်–ရာဂဟုန်ဖြင့် ရှေ့တိုးရန် ဟန်ပြင်လိုက်သည်။

“သတ္တိရှိရင် ရှေ့တိုးခဲ့လေ...”

မထူးတော့ပြီဟူသောစိတ်ဖြင့် မိဇာသည် လက်ထဲကဓားကို အားကိုး၍ ရဲရဲတောက်ပြောလိုက်ရာ ကိုကိုကြီး တန့်သွားလေသည်။ မိမိ၏ အပျိုဘဝကို တန်ဖိုးထားပြီး ကာကွယ်လို၍ ပြောပင်ပြောလိုက်ရသော်လည်း မိဇာသည် သူ့ဘဝကို ပြန်လည်စဉ်းစားကြည့်မိရှာသည်။ အားကိုးစရာ မိဘဆွေမျိုးဟူ၍ လုံးဝမရှိသည့် တစ်ကောင်ကြွက် ငွေဝယ်ကျွန်ဘဝတွင် အကယ်၍ တစ်စုံတစ်ရာ ဖြစ်လာခဲ့သော် သူ့ဘက်မှ ဖေးမကူညီမည့်သူ ရှိပါမည်လားဟု တွေးတောစဉ်းစားမိရှာသည်နှင့် တစ်ပြိုင်နက် အံကြိတ်ကာ တင်းထားသော မျက်နှာကိုမှ အားမနာလေရော့သလား မသိ မျက်ရည်များသည် တဖြိုင်ဖြိုင်ကျလာလေတော့သည်။

ချက်ကောင်းကို စောင့်နေသော ကိုကိုကြီးကား မိဇာမျက်ရည်ကျ၍ တစ်စက္ကန့်တွေခနဲ ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ကျားအုပ်သလို လျှင်မြန်စွာခုန်အုပ်ပြီး မိဇာလက်ကို လိမ်ချိုးလိုက်သဖြင့် ဓားသည် မိဇာလက်မှ လွတ်သွားလေ၏။

“ဘာဖြစ်နေတာလဲ ကိုကို”

ထိုအသံနှင့် တစ်ပြိုင်နက်တည်းပင် ကိုကိုကြီးအား နောက်မှဆောင့်ဆွဲလိုက်သဖြင့် ကိုကိုကြီးသည် မိဇာကိုလွှတ်ပြီး လှည့်ကြည့်လိုက်သည်။ ခက်ထန်သောမျက်နှာဖြင့် စူးစူးဝါးဝါးကြည့်နေသော ညီဖြစ်သူ ကိုကို

mgyoe.com

mgyoe.com


လေးအား တွေ့လိုက်ရသဖြင့် ကိုကိုကြီးသည် ရှက်ကိုးရှက်ကန်းဖြစ်နေလေသည်။ မိဇာသည် အသံမထွက်အောင် ကျိတ်ကာရှိုက်ရင်း ကစဉ့်ကလျားဖြစ်နေသည့် ကြက်သွန်များနှင့်ဓားကို ကောက်နေသည်။ ကိုကိုလေးသည် မိဇာအားကြင်နာစွာ ကြည့်လိုက်ပြီး ဦးခေါင်းကို ခါယမ်းလိုက်၏။

"ကိုကိုလုပ်ပုံတွေ မဟုတ်သေးဘူးနော်...၊ ပိုင်ပိုင်နိုင်နိုင် အသုံးပြုစရာ မယားတစ်ယောက်လုံး ရှိပါလျက်နဲ့၊ အို...ကျွန်တော်က အငယ်ဆိုတော့ ပြောရဆိုရတာ မကောင်းပါဘူးလေ"

ကိုကိုလေးသည် စိတ်ပျက်စွာပြောပြီး အစ်ကိုဖြစ်သူအား ရွံရှာစွာကြည့်၍ မီးဖိုခန်းမှ ထွက်သွားလေသည်နှင့်တစ်ပြိုင်နက် ကိုကိုကြီးသည် မိဇာအားအံကြိတ်ပြီး ကြည့်လိုက်၏။

"ဟင်း...ကျွန်မ၊ သတိ ကောင်းကောင်းထားနေ...၊ ဒီအိမ်မှာနေသရွေ့ ငါ့လက်ကနင်မလွတ်ဘူး မှတ်ထား"

ကိုကိုကြီးသည် မိဇာအား ကြိမ်းမောင်းပြီး အိမ်ရှေ့ခန်းသို့ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ ခါးထောက်ပြီး ခပ်တည်တည်ကြည့်နေသော ညီဖြစ်သူကိုကိုလေးအား မျက်နှင်ချင်းဆိုင်ရန် မဝံ့သဖြင့် စာကြည့်ခန်းထဲသို့ တန်းဝင်သွားလေသည်။

ထိုနေ့မှာတနင်္ဂနွေနေ့ဖြစ်သဖြင့် ကိုကိုကြီး အုပ်ချုပ်လုပ်ကိုင်နေရသော"ခင်အောင်မြင့်"ကုမ္ပဏီမှာပိတ်ထားသဖြင့် ကိုကိုကြီးမှာ အိမ်တွင်အနားယူရသော ရက်ဖြစ်သကဲ့သို့ ညီဖြစ်သူပြည်ထဲရေးဌာန ဝန်ကလေးကိုကိုလေးမှာလည်း ရက်အားရနေသည်။ အိမ်ကြီးရှင်ခင်အောင်မြင့်ကုမ္ပဏီပိုင်ရှင်မကြီး ဒေါ်ခင်ကြီးနှင့် ဇနီးချော ခယ်မချော သုံးယောက်စလုံးမြို့ထဲထွက်နေခိုက် မိဇာအား အပိုင်စီးရန် အကြံကြီးကြံနေသောကိုကိုကြီးအဖို့ ညီငယ်ကြောင့် အကြံပျက်ရသဖြင့် ထွက်သမျှ ဒေါသ

mgyoe.com

mgyoe.com



သည်"ဒီကျွန်မ...အသာတကြည် အလိုမလိုက်ဘဲ၊ လူပါး၀လို့ကွာ" ဟူသော ယူဆချက်ဖြင့် မိဇာအပေါ်သို့သာ ပုံကျနေလေသည်။

* * *

မိဇာသည် ထမင်းပွဲပြင်နေသည်၊ လုပ်နေကျ အလုပ်ဖြစ်၍သာ လက်များက ထမင်းအုပ်၊ ထမင်းပန်းကန်၊ ဟင်းပန်းကန်၊ ရေဇန်ချိုင့်၊ ဆပ်ပြာခွက်၊ လက်သုတ်ပ၀ါများကို သူ့နေရာနှင့်သူ အချိုးကျစနစ်ကျ ထားသိုသွားသော်လည်း မိဇာ၏စိတ်သည် ကိုယ်တွင်းမှာမရှိဘဲ ပျံလွင့်နေသည်။ စိတ်ထား ယုတ်မာသောကိုကိုကြီးနှင့် ယောက်ျားပီသ၍ တည်ကြည် အေးဆေးစွာနေသော ကိုကိုလေးတို့ ညီအစ်ကိုကို စိတ်တွင်းက နှိုင်းယှဉ်ကြည့်မိလိုက်သည်။ သူ၏လွန်လေပြီးသော ဘ၀ဖြစ်စဉ်ကိုလည်းရီဝေသော မျက်ရည်များအကြားမှ ပြန်လည်မြင်ယောင်လာပြန်သည်...။ ကြီးမားသော မျှော်လင့်ချက်၊ ရည်ရွယ်ချက်ဖြင့် ဤအိမ်ကြီးမှာ ကျွန်ခံရန် ရောက်ရှိလာသည့် နေ့မှစ၍ မိဇာသိလိုသော ရည်ရွယ်ချက်သည် မိဇာ၏နှုတ်မှ ဖွင့်ဟခွင့် မရရှာခဲ့ချေ။

"ဟောဒါက အိမ်ကြီးရှင် သူဌေးမကြီးဒေါ်ခင်ကြီး။ ညည်းက မေမေကြီးလို့ ခေါ်ရမယ်၊ ဒီမမနှစ်ယောက်က–အကြီးမစန်းစန်းဝေကို မမစန်းလို့ခေါ်၊ သူ့ညီမ သန်းသန်းဆွေကို မမသန်းလို့ခေါ်၊ ကိုကိုကြီးက မမစန်းရဲ့ယောက်ျား၊ ကိုကိုလေးက မမသန်းနဲ့ လူကြီးချင်းသဘောတူ စေ့စပ်ထားပြီးသား...သူတို့လက်မထပ်ရသေးဘူး။ မမစန်းနဲ့–မမသန်းက မေမေကြီးရဲ့တူမတွေတော်တယ်...။ မေမေကြီးမှာ ယောက်ျားလည်းမရှိ၊ သားသမီးလည်းမရှိတဲ့ မုဆိုးမကြီး... မှတ်မိရဲ့လား"

နောက်ဖေး တန်းလျားမှ ကားဒရိုင်ဘာ ဇနီးနှင့် ခြံစောင့်မာလီ၏ ဇနီးတို့က အထက်ပါအတိုင်း သင်ကြားသည်ကို မိဇာကောင်းစွာမှတ်

mgyoe.com

mgyoe.com


သားပြီး နံနက်လေးနာရီခွဲမှ ညဆယ်နာရီအထိ၊ တစ်ခါတစ်ရံ သန်းခေါင်ကျော်သည်အထိပင် ဇယ်တောက်သလို တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်သွားရသည့် အိမ်အလုပ်အများတွင် သံသရာလည်နေတော့သည်။ မိဇာသိလိုသည့် အကြောင်းရည်ရွယ်ချက်ကို မည်သူ့ထံစုံစမ်းရပါမည်နည်း။ သခင်များက မမေးဘဲ၊ မခိုင်းဘဲနှင့် မည်သူနှင့်မှ မိဇာသည်ပါးစပ်ကို မဖွင့်ရဟူသော တင်းကျပ်လှသည့် အိမ်ကြီးရှင်သခင်မများ အမိန့်ကိုဦးဆွေးဆံမြည့် လိုက်နာရရှာသော မိဇာမှာ အအကြီးလို ဖြစ်နေရှာသည်။ မလိုက်နာ၍ နေဝံ့ပါမည်လော။ စန်းစန်းဝေနှင့် သန်းသန်းဆွေတို့၏ လက်များသည် ဖျတ်လတ် လျင်မြန်သည့်အပြင် ထက်မြက်စူးရှကြောင်းကို မိဇာကိုယ်တွေ့ ခံစားဖူးသည်မှာ အကြိမ်မနည်းလှချေ။ ၎င်းတို့အချင်းချင်း စိတ်အခန့်မသင့်ဖြစ်ပါကလည်း မိဇာပင် ဓားစာခံဖြစ်၏။

"သူ့တူမနှစ်ယောက်က ရိုက်နှက်ဆဲဆိုနေတာ မေမေကြီးက မတားမြစ်ပေမယ့် မေမေကြီးကိုယ်တိုင်ကတော့ တစ်ခါမှငါ့ကိုမဆိုဖူး မရိုက်ဖူးရှာဘူး။ စိတ်ကောင်းရှိပါလိမ့်မယ်။ ငါသိချင်တာကို မမစန်းတို့အလစ်မှာ မေမေကြီးကို မေးကြည့်ရင်ကောင်းမလားမသိ"

မိဇာသည်တွေးရင်း ကိုကိုလေးကို သတိရမိပြန်၏။ ထိုအခါ ဝယ်...

"နင့်နာမည်က မသူဇာရယ်လို့ ကြီးကြီးကျယ်ကျယ် ရှိလိုက်တာ...။ ဒီနေ့ကစပြီး ငါတို့ကမိဇာလို့ ပြောင်းလိုက်မယ်၊ နင့်နာမည်မိဇာလို့ မှတ်ထား ကြားရဲ့လား"ဟုအိမ်ကြီးကျွန်အဖြစ် စရောက်သည့်နေ့က သခင်မနှစ်ယောက် နာမည်ပြောင်းလိုက်သည်တွင် ကိုကိုလေးက...

"သူ့နာမည်ရင်း မသူဇာပဲ ခေါ်ပေါ့၊ ခင်ဗျားတို့ကလည်း လူလူချင်း နှိမ့်ချလိုက်ကြတာ"

ဟု ပြောပြီးသည်နှင့်တစ်ပြိုင်နက် သန်းသန်းဆွေတို့ ညီအစ်မက...

"မိဇာ...အခုချက်ချင်း မင်းလုပ်ရမယ့် အလုပ်ကိုပြမယ် လိုက်ခဲ့"

mgyoe.com

mgyoe.com


ဟုပါးစပ်ကပြောပြီး မိဇာ၏နားရွက်ကို တစ်ယောက်တစ်ဖက် ခပ်နာနာလိမ်ဆွဲပြီး မီးဖိုဆောင်ထဲ ခေါ်ခဲ့ပုံကို ပြန်လည်သတိရကာ မိဇာသည် သူ့နားနှစ်ဖက်ကို ယောင်ယမ်း ကိုင်လိုက်မိပြီး ပါးစပ်ကိုတင်းတင်း စေ့ထားလိုက်မိ၏။

ထိုအခိုက် ကားရောက်လာသံ ကြားလိုက်ရပြီး ဒေါ်ခင်ကြီးနှင့် သန်းသန်းဆွေတို့ ညီအစ်မ ဆူဆူညံညံနှင့် စကားပြောရင်း အိမ်ထဲသို့ ဝင်လာကြသည်တွင် မိဇာသည် ပြင်ဆင်ထားသော ထမင်းပွဲ စနစ်တကျရှိ မရှိစေ့သည်၊ မစေ့သည်ကို ပြန်လည်စစ်ဆေးကြည့်လိုက်၏။

"မိဇာ...ထမင်းပွဲ အဆင်သင့် ဖြစ်ပြီလား"

သန်းသန်းဆွေက မေးလိုက်၏

"ဟုတ်ကဲ့ မမသန်း..."

မိဇာသည် လိုအပ်သမျှအဖြေကို တိုတိုပင်ဖြေလိုက်၏...။

ထိုအချိန်မှာ ကိုကိုကြီးသည် စာကြည့်ခန်းမှ ထွက်လာသည်။

"မောင်တစ်ယောက်တည်း ပျင်းနေပြီလား...၊ စန်းတို့နည်းနည်း ကြာသွားတယ်နော်၊ ထမင်းစားပြီးပြီလားမောင်"

စန်းစန်းဝေက လင်တော်မောင်ထံ ပြေးသွားပြီး ကန္တဲ့ကလျခါးဖက် မေးနေစဉ်မှာ ဒေါ်ခင်ကြီးနှင့် သန်းသန်းဆွေတို့က အဝတ်လဲရန် အိမ်ပေါ်တက်သွားပြီဖြစ်၏။

"စန်းကိုမစောင့်ဘဲ မောင်တစ်ယောက်တည်း ထမင်းစားလို့ အရသာ ရှိနိုင်ပါ့မလားစန်းရယ်၊ စန်းမျက်နှာကလေးကြည့်ပြီး စားရမှ မောင်ထမင်းစားမြိန်တော့မှာပေါ့"

မိဇာသည် ကိုကိုကြီးတို့ မောင်နှံဘက်မလှည့်ဘဲ ထမင်းစားပွဲနားတွင် ယပ်တောင်တစ်ချောင်းနှင့် ယင်ခြောက်နေရင်းက မကြားချင်ဘဲကြားနေရသော ကိုကိုကြီး၏ အသံသည် နားထဲတွင် သံပူရည်လောင်း

mgyoe.com

mgyoe.com


သကဲ့သို့ ခံစားမိပါသည်။ ထိုအခိုက် ဒေါ်ခင်ကြီးနှင့် သန်းသန်းဆွေ အိမ်ပေါ်ထပ်မှ ဆင်းလာသည်။

"ဟော...ကြီးကြီးနဲ့ အသန်း အဝတ်လဲပြီး ဆင်းလာကြပြီ။ စန်း အဝတ်သွားလဲလို့ စောင့်နေရင် မောင် ထမင်း သိပ်ဆာနေမယ်၊ ကဲ လာ မောင်... ထမင်းစားလိုက်ကြစို့ရဲ့"

ကိုကိုကြီးသည် မှင်သေသေ မျက်နှာဖြင့် မိဇာအားယောင်လို့ပင် မကြည့်ဘဲ ထမင်းစားပွဲပေါ်တွင် ထိုင်လိုက်သည်။ ဒေါ်ခင်ကြီးက ထိပ်က ထိုင်သည်။ စားပွဲတစ်ဖက်ဘေးက ကိုကိုကြီးနှင့် စန်းကထိုင်နေသည်။ တစ်ဖက်ဆားတွင် သန်းတစ်ယောက်တည်း ဘက်ပဲ့နေ၏။ သန်း၏မျက် နှာသည် ရွာတော့မည့် မိုးလိုအုံ့မှိုင်းနေသည်။ ထမင်းစားတိုင်း သန်း၏ လက်ယာဘက်တွင် ယှဉ်တွဲထိုင်နေကျ ကြင်ရာတော်လောင်း ကိုကိုလေး တစ်ယောက်ဘယ်သို့ ရောက်နေသနည်း။

"ကိုကိုလေး ဘယ်မှာလဲ၊ ထမင်းမစားသေးဘူးလား" ဒေါ်ခင် ကြီးက မေးလိုက်၏။

"ဟုတ်ပါရဲ့၊ ညီလေး အခုထက်ထိ ပြန်မလာသေးဘူး၊ ကြီးကြီးတို့ ထွက်သွားပြီး ခဏတော့ သူလည်း သန်း မရှိလို့ ပျင်းတယ်ဆိုပြီး ထွက် သွားတာပဲ ကြီးကြီးရဲ့"

ယောကျ်ားတန်မဲ့ လုပ်ဇာတ်ခင်းတတ်သော ကိုကိုကြီးအား မိဇာ သည် ထမင်းပွဲမှ မလှမ်းမကမ်းတွင် ရပ်နေရာမှ အံကြိတ်ပြီး ကြည့်လိုက် မိသည်။ ဒေါ်ခင်ကြီးက တစ်စုံတစ်ရာမှ ဆက်မမေးတော့ဘဲ သုန်မှုန်နေ သော တူမချော သန်း၏မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ထမင်းစားမြဲ တိုင်းစားနေသည်။ ပြန်ရောက်လာသည့်တိုင်အောင်မှ မစောင့်နိုင်ဘဲ ထွက်လည်ရကောင်းလားဟု ခင်ပွန်းလောင်းအား ဒေါသဖြစ်နေသော သန်းသည် သူ၏ထမင်းပန်းကန်တွင် ယင်တစ်ကောင်လာနားလိုက်

mgyoe.com

mgyoe.com


သည်တွင် မိဇာဘက်သို့လှည့်ကြည့်လိုက်သည်။

"ဟဲ့ကောင်မ၊ ယင်မခြောက်ဘဲ ဘာလုပ်နေသလဲ၊ မတ်တတ်ရပ်လျက် သေနေသလား..."

အထက်တန်းလွှာလူကုံထံ လောကတွင် ငွေဆည်းလည်းသံကလေးဖြင့် ယဉ်ကျေးစွာ ပြောလေ့ရှိသော သန်း၏နှုတ်မှ ဤသို့ပြောလိုက်လျှင် မိဇာသည် ထမင်းပွဲနားသို့ အမြန်ဆုံးရောက်လာသည်။ ယင်ကောင်ကလေးမှာ သန်း၏ပန်းကန်ထဲတွင်မရှိတော့၊ ကိုကိုကြီး၏ ပန်းကန်တွင်ဝဲနေသည်။ မိဇာသည် ကိုကိုကြီး၏နောက်သို့သွားပြီး ယင်ကောင်ထံ လေဟုန်ရောက်နိုင်သမျှ ကိုကိုကြီး၏နောက်မှနေပြီး ယပ်တောင်ကို ယမ်းလိုက်၏။ စန်းသည် မိဇာအားလှည့်ပြီး မျက်စောင်းထိုးလိုက်သည်မှာ နဂါးငွေ့ပါသော မျက်လုံးဖြစ်ပါက မိဇာအဖို့ ပြာဘဝသို့ပင်ရောက်သွားရှာပေမည်။

"တို့ပန်းကန်တွေကို ယင်မခြောက်ဘဲ မောင့်ပန်းကန်ကိုမှ မောင့်နောက်ကနေပြီးတော့ ယင်ခြောက်ပေးတာ ဘာသဘောလဲ။ ဟင်း...ကျွန်မ၊ ယီးတီးယားတား စိတ်မကူးနဲ့"

အလွန်တရာမှ ရှုံမှုန်းလှသော ကိုကိုကြီးနှင့် မိဇာသည်အထင်မခံနိုင်ချေ။

"ယင်ကောင်ရှိရာ ကျွန်မလိုက်ပြီး ခြောက်ပေးတာပါ မမစန်းရယ်..."

ဒေါ်ခင်ကြီးကစပြီး ထမင်းဝိုင်းရှိ အားလုံး အံ့အားသင့်သွားသည်။ ဤမျှလောက်စကားလေးဖြင့် မိဇာဖြေရှင်းလိုက်သည်မှာ သူတို့အားအကြီးအကျယ် တော်လှန်လိုက်ခြင်း ဖြစ်သည်ဟုလည်းကောင်း၊ လူပါး၀၍ ခံပြောသည်ဟုလည်းကောင်း ယူဆလိုက်ကြ၏။

"ဘာပြောတယ်..."

အသံနှင့်အတူ ထမင်းဟင်းပေနေသော စန်း၏ယာလက်ဝါး

mgyoe.com

mgyoe.com


သည် မိဇာ၏မျက်နှာပေါ် ရောက်သွားသည်။ အတွေ့အမြင်များ၍ ရိုးနေပြီဖြစ်သော ဒေါ်ခင်ကြီးနှင့် ကိုကိုကြီးတို့ကား ထမင်းစားမပျက်။

"မမစန်း ထမင်းစားမြဲတိုင်းစားပါ၊ ဒီကိစ္စကို သန်း ရှင်းလိုက်ပါမယ်"

သန်းက အစ်မဖြစ်သူအားပြောပြီး တစ်ဆက်တည်း မိဇာအား အမိန့် ပေးလိုက်၏။

"မိဇာ...ငါ့နားလာခဲ့စမ်း"

မိဇာသည် သန်းအနီးသို့ရောက်လာပြီး ခေါင်းငုံ့ရပ်နေသည်။

"ဒူးထောက်ထိုင်လိုက်...၊ မျက်နှာကိုမော့ထားစမ်း..."

သန်း၏အမိန့်အတိုင်း မိဇာသည် ကုလားထိုင်ပေါ်မှာ ထိုင်နေသော သန်း၏ခြေထောက်နားမှာ ဒူးထောက်ပြီး မျက်နှာမော့ထားရသည်။ မိတ်ကပ်ပေါင်ဒါသနပ်ခါးဖြင့် တစ်ကျွန်းတစ်နိုင်ငံစီ ခြားနေရှာသော်လည်း ပင်ကိုအသားအရေ လှပသူကလေးဖြစ်ရာ မိဇာ၏မျက်နှာမှာ ဝင်းဝင်းပပကလေးဖြူဖွေးနေပြီး နားထင်နားတွင် ဟင်းအစအနများ ပေကျံနေသည်။

"နင့်ပါးစပ်ကို အမိန့်မရှိဘဲ၊ မခိုင်းဘဲမဖွင့်ရဘူးလို့ ပြောထားတာ နားမထောင်ဘူး...၊ နောက်ကို ဒီလိုလူပါးဝဦးမှာလား ဟင်ကျွန်မ"

မော့မော့ကလေး ပေးထားရသော မိဇာ၏မျက်နှာကို စေ့စေ့ကြည့်ပြီး သန်းသည် ပြောလည်းပြော လက်ကလည်း တဖြန်းဖြန်း ချလိုက်သည်။ မိဇာသည်လုံးဝ မတွန့်ရဲ၊ မလှုပ်ရဲချေ။ ဖြူဖွေးသော ပါးကလေးနှစ်ဖက်မှာ လက်ချောင်းရာများ အရိုးလိုက်ထင်ပြီးနီရဲလာလေသည်။ စေ့ထားသောနှုတ်ခမ်းကလေး နှစ်ခုကြားမှ နီရဲသောသွေးစကလေးပြူလာသည်။ ဒေါ်ခင်ကြီးနှင့်ကိုကိုကြီးက တားမြစ်ခြင်းလည်းမပြု၊ လှည့်လည်းမကြည့်၊ ဟန်မပျက်ပင် ထမင်းစားနေကြ၏။ ဒေါ်ခင်ကြီး၏ သဘော

mgyoe.com

mgyoe.com


ထားကား... အစေခံကျွန်ကို ကျိုးနွံအောင်နှိမ်ရမည်။ တားဆီးကာကွယ်ခြင်းပြုက ရောင့်တက်မည်ဟု ယူဆထားသူဖြစ်၏။

"မသေမချင်း သတ်ကြတော့မှာလား..." ဤအသံကြောင့် အားလုံးပင် ထမင်းစားခန်း တံခါးဝသို့ လှည့်ကြည့်လိုက်ကြ၏။ စိတ်မချမ်းမြေ့သော မျက်နှာဖြင့် မိဇာအားကြည့်နေသော ကိုကိုလေးကို တွေ့ရသည်။ မိဇာ၏မျက်လုံးမှ ဖြိုင်ဖြိုင်စီးကျလာသော မျက်ရည်ပေါက်ကြီးများသည် နှုတ်ခမ်းနှစ်ခုကြားမှ ထွက်လာသော သွေးနှင့်ရောကာ မိဇာ၏ မေးစေ့တွင် တွဲလွဲခိုနေကြ၏။

ကိုကိုကြီးသည် ထမင်းစားချိန်မှ ပြန်လာသောညီငယ်အား စိတ်ဆိုးဟန်မျက်နှာပေးဖြင့် လက်ဆေးပြီး ထမင်းစားပွဲမှထသွားသဖြင့် စန်းကလည်း လက်ဆေးပြီး ကိုကိုကြီးနောက် လိုက်သွားသည်။

"ကောင်မသွား၊ နင့်မျက်လုံးနဲ့ ပါးစပ်ထဲက ထွက်တာတွေသုတ်ပြီး မျက်နှာသစ်၊ ကိုကို့အတွက် ထမင်းပွဲအသစ်ပြင်၊ မြန်မြန်လုပ်" သန်း၏ အမိန့်အတိုင်း မိဇာသည် ဒူးထောက်နေရာမှထပြီး ရေချိုးခန်းရှိရာသို့ ထွက်သွားသည်။

"ဘယ်လိုများ အပြစ်ရှိလို့ဒါလောက် ရက်ရက်စက်စက် ရိုက်တာလဲအသန်း"

ကိုကိုလေးက ထမင်းစားပွဲနားရှိ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်သော်လည်း သန်းကတစ်စုံတစ်ရာမပြော။ ခင်ပွန်းလောင်းအား ခပ်စွေစွေတစ်ချက်ကြည့်ပြီး ဒေါ်ခင်ကြီးအား လက်ဆေးရေခွက်၊ ဆပ်ပြာခွက်များယူပေးနေသည်။ သန်းသည် ကိုကိုလေးအား စွဲစွဲလမ်းလမ်းချစ်ခင်နေပါသော်လည်း ကိုကိုလေးကမည်သို့မျှ သဘောမထား။ ဒေါ်ခင်ကြီးနှင့် အစ်ကို မရီးများက သဘောတူနေသော်လည်း သန်း၏ စိတ်နေစိတ်ထားကို မနှစ်မြို့ချေ။ မိဇာအား နှိပ်စက်သည်ကို မြင်ရလေ

mgyoe.com

mgyoe.com


ဤအိမ်ရှိလူအားလုံးအား ရွံမုန်းလေဖြစ်နေသည်။

"မိဇာကို အပြစ်ရှိလို့ဆုံးမနေတာကွဲ့၊ ကိုကိုလေးကဝင်ပြီး မကာဆီးနဲ့၊ အစေခံဆိုတာ မျက်နှာသာပေးလို့ မဖြစ်ဘူး"

ဒေါ်ခင်ကြီးက သန်းလက်မှ လက်သုတ်ပဝါကိုယူပြီး လက်သုတ်ရင်း ပြောလိုက်၏။ ထိုအခိုက် ထမင်းပွဲအသစ်ပြင်ရန်အတွက် မိဇာထမင်းစားခန်းထဲဝင်လာသည်။ နီရဲဖူးရောင်နေသော မိဇာ၏မျက်နှာကို မြင်လိုက်ရသော ကိုကိုလေးသည် များစွာစိတ်ထိခိုက်မိ၏။ အားကိုးအားထားကင်းမဲ့ရှာသော ငွေဝယ်ကျွန်မကလေးကား ဝဋ်ဒုက္ခကြီးပေစွတကားဟု စဉ်းစားမိရင်း...

"မသူဇာ၊ ငါ့အတွက်ထမင်းပွဲမပြင်နဲ့တော့၊ ငါမစားချင်တော့ဘူး" ဟုကိုကိုလေးသည် လေသံပြတ်ပြတ်ဖြင့်ပြောပြီး ထမင်းစားခန်းမှ ထွက်သွားလေသည်။ မိဇာကား–ကိုကိုလေးပြောသည်ကို ကြားလိုက်ရသော်လည်း ခေါင်းကိုငုံ့မြဲတိုင်းငုံ့ပြီး စားပွဲပေါ်မှစားပြီးသား ပန်းကန်များကို ဆေးကြောသိမ်းဆည်းရန်အတွက် ဇန်းတစ်ခုထဲသို့ စုထည့်နေစဉ် အိမ်ရှေ့ဧည့်ခန်းမှာ ဧည့်သည်များရောက်လာသဖြင့် သန်းသည် ကပျာကသီ ထွက်သွားလေသည်။

ဧည့်သည်များမှာ စန်းတို့ညီအစ်မ၏ ရွယ်တူမိတ်ဆွေများဖြစ်၍ ဒေါ်ခင်ကြီးသည် ဧည့်ခန်းသို့ မထွက်ဘဲ အိမ်ပေါ်တက်ရန် ဟန်ပြင်ရင်း မိဇာအား လှေကားရင်းမှ လှမ်းပြီး အမိန့်ပေးသွားသည်။

"မိဇာ၊ လုပ်စရာရှိတာမြန်မြန်လုပ်၊ ပြီးရင်ငါ့ကိုလာနှိပ်ပေးစမ်း၊ ကြားရဲ့လား"

ဧည့်ခန်းထဲတွင် စန်းတို့ညီအစ်မနှင့် ဧည့်သည်မိန်းမပျိုတစ်သိုက် လက်ပံပင် ဆက်ရက်ကျနေစဉ်မှာ မိဇာသည်မီးဖိုချောင်၊ ထမင်းစားခန်းနှင့် ပတ်သက်သမျှ လုပ်ငန်းဆောင်တာများကို သွက်လက်စွာ လုပ်ကိုင်ပြီး၍

mgyoe.com

mgyoe.com


အရိုးအရင်း ထမင်းလုံး အမှိုက်သရိုက်များကို စွန့်ပစ်ရန် အမှိုက်တောင်းကိုဆွဲပြီး ခြံထောင့်ရှိ အမှိုက်ကျင်းရှိရာသို့လာခဲ့သည်။ အမှိုက်ကျင်းသို့သွားရာလမ်းမှာ ကားရုံအနောက်ကွယ်မှ ဖြတ်သွားရသဖြင့် မိဇာသည် ကားရုံနောက်ရောက်လျှင်ပင် ကားရုံတွင်းမှ ဒရိုင်ဘာဇနီးမောင်နှံ၏ စကားပြောသံကြောင့် ခြေလှမ်းများတုံ့ခနဲ ရပ်သွားပြီး နားစိုက်လိုက်မိသည်။

"ဘဲဥအစရှာမရသလို ကိစ္စကြီးကို ခဏခဏသွားပြီး ဒုက္ခခံနေတယ်၊ သူ့ကိစ္စက ဘာမှမည်မည်ရရ မေးလို့မြန်းလို့လည်း မရဘူး"

"ဟုတ်ပါရဲ့ အဘွားကြီးက တစ်လတစ်ခါလောက် ခရီးထွက်နေတော့ ရှင်လည်း အိမ်မှာနေရတယ်ကို မရှိဘူး..."

"ငါအိမ်မှာမနေရတာက ကိစ္စမရှိဘူး၊ အဘွားကြီးက နှလုံးရောဂါရှိနေတော့ ဆရာဝန်က အိမ်မှာငြိမ်ငြိမ်အေးအေးကလေး နေပါဆိုတာနားမထောင်ရင် မြန်မြန်ကိစ္စချောလိမ့်မယ်"

"ပဲခူးတစ်ဝိုက်ပဲ စုံစမ်းသလား"

"သူ့ကိစ္စက ဒီနေရာတစ်ဝိုက်မှာပဲ ဖြစ်တယ်ထင်ပါရဲ့ကွာ၊ ပြီးတော့လည်း စစ်အတွင်းကဆိုတော့ ဆယ့်ရှစ်နှစ် ကျော်နေပြီပဲ၊ အဘွားကြီးကလည်း စုံစမ်းပုံမဟုတ်သေးဘူး၊ လမ်းလွဲနေတယ်"

"အင်း...ကြာပဲကြာလှမှပဲ၊ ဒါ့ထက်အဘွားကြီးက ဘယ်လိုလမ်းလွဲနေတာလဲ..."

"မင်းစဉ်းစားကြည့်လေ၊ စစ်ဖြစ်ပြီးတဲ့နောက် မြို့ခံလူဟောင်းတွေက သေသူသေ၊ တခြားပြောင်းသူပြောင်း၊ တခြားမြို့ရွာက လူသစ်တွေက ဝင်နေတော့ သူအဖို့စုံစမ်းရတာ မခဲယဉ်းဘူးလား။ ဒီလိုကိစ္စဆိုတာ လူတန်းစားမခွဲရဘူး၊ ဘယ်သူဖြစ်ဖြစ် သင့်အောင်ဆက်ဆံပြီး မေးရမြန်းရတယ်။ အခုတော့မဟုတ်ပေါင်ဗျာ၊ အဘွားကြီးက မာနသွေးမိုးပေါ်

mgyoe.com

mgyoe.com


ရောက်နေတော့ အောက်တန်းစား ဆင်းရဲသားဆိုရင် အဖက်လုပ်စကား မပြောဘူး၊ အထက်တန်းလွှာကပဟာတွေမှ သူ့ဘဲဥကြီး ဖွင့်ဖွင့်ပြနေတာ ဘယ်တော့ စုံစမ်းလို့ရမှာလဲ…"

"ရှင်က အဘွားကြီးကို နည်းနည်းပါးပါး အကြံဉာဏ်ပေးပါ့လား"

"အလိုဗျာ…ကျုပ်ကို အဖက်လုပ် တိုင်ပင်ပြောဆိုတာမှ မဟုတ်ဘဲ၊ ကျုပ်ဒါလောက်သိတာတောင် သူတို့အချင်းချင်း ပြောသံဆိုသံ တစ်စွန်းတစ်စကြားရတာ၊ ကျုပ်ပြောလို့ ကြိုက်ချင်မှကြိုက်မှာ…"

"ဟိုထိပ်ထားသခင်မ နှစ်ယောက်ကတော့ စုံစမ်းလို့မရလေဝမ်းသာလေဖြစ်မှာပေါ့…"

"တော်တော့ကွာ၊ နေ့ပြောနောက်ကြည့်တဲ့ မင်းလည်းသွားတော့ အဘွားကြီးက သန်ဘက်ခါခရီးထွက်ဦးမှာဆိုတော့ ကားကိုချွတ်ယွင်းချက်မရှိအောင် လုပ်ရဦးမယ်…"

မိဇာသည် အမှိုက်သွန်ရန်ပင် သတိမရတော့၊ မတုန်မလှုပ်ရပ်နေမိသည်။ ဒရိုင်ဘာကိုဘခင်ကြီးအား မေးချင်၊ ပြောချင်သော စကားတွေမှာ နှုတ်ခမ်းဖျားမှာ တွေ့နေကြသည်။ မေး၍၊ ပြော၍ ဖြစ်ပါမည်လော၊ အခွင့်မပေးဘဲ ပါးစပ်မဖွင့်ရဟူသော အမိန့်မှာတင်းကျပ်လှသည်။ ကျိန်းစပ်နာကျင်နေသော မျက်နှာကို လက်ဖြင့်စမ်းသပ်လိုက်မိ၏။ မည်မျှကြာအောင်ရပ်နေသည်မသိ။ မိမိပခုံးကို ညင်သာစွာ ကိုင်လိုက်ခြင်းခံရမှ လှည့်ကြည့်လိုက်မိသည်။ ဒရိုင်ဘာကိုဘခင်၏ဇနီး မလှအေးကို တွေ့ရသည်။ "ဘာလုပ်နေတာလဲ မသူဇာ၊ အိမ်ပေါ်ထပ်က မေမေကြီးခေါ်သံကြားနေရတယ်၊ အမှိုက်မြန်မြန်သွန်ပြီး သွားစမ်း"

မလှအေးက ဖူးရောင်နေသော မိဇာ၏မျက်နှာကို သနားကြင်နာစွာ ကြည့်ပြောပြီး လျှင်မြန်စွာ လှည့်ထွက်သွားသည်။ မိဇာသည် ကပျာကသီ အမှိုက်သွန်ပြီး လက်များကို ဆေးကြောသုတ်သင်ကာ အိမ်ပေါ်

mgyoe.com

mgyoe.com



ထပ်သို့ တက်လာသည်။

"အလုပ်ပြီးရင် ချက်ချင်းလာခဲ့လို့ ငါမှာထားတာကြာလှချေလား၊ နှိပ်စမ်း..."

အိပ်ရာပေါ်တွင်ဇိမ်နဲ့ လဲလျောင်းနေသော ဒေါ်ခင်ကြီးက တင်းမာသော မျက်နှာထားလေသံဖြင့် ဆီးပြောရင်း ခြေဆန့်ပေးလိုက်၏။ ခြေသလုံးကို နှိပ်နယ်ရင်း"ဘာပဲဖြစ်ဖြစ် ရိုက်ချင့်လည်းရိုက်ပါစေ သေအောင်သတ်မှာ မဟုတ်ပါဘူး၊ ငါသိချင်တာတွေ ဟုတ်လိုဟုတ်ငြား မေးတော့မည်" ဟုစိတ်ကိုဆုံးဖြတ်လိုက်၏။

"မမကြီး ကျွန်မကိုသနားသဖြင့် စကားကလေး နည်းနည်းပြောခွင့်ပြုပါ..."

မမေးဘဲအမိန့်မရဘဲ မိဇာ၏နှုတ်မှ စကားထွက်လာသဖြင့် ဒေါ်ခင်ကြီးသည် အထိတ်တလန့်ဖြစ်သွားသည်။ မျက်လုံးပြူးပြီး ကြည့်လိုက်သည်။

"ပြောပါရစေနော်...မမကြီး"

"နင်က ကြီးကြီးကျယ်ကျယ်ရှိလိုက်တာ၊ မနက်ကပါးရိုက်ခံရတာ ပြောမလို့လား..."

အစေခံကျွန်နှင့်ဖက်ပြီး စကားပြောရန်မှာ ကျက်သရေယုတ်သည်ဟု ယူဆသော ဒေါ်ခင်ကြီးက မာကျောခက်ထန်သော အသံဖြင့် ပြောလိုက်၏။

"မဟုတ်ပါဘူး မမကြီးရယ်၊ ကျွန်မသိချင်တာလေး တစ်ခုရှိလို့ပါ"

မိဇာက တုန်လှုပ်သော အသံကလေးဖြင့် ပြောလိုက်၏။

"နင်သိချင်တာကို အရေးလုပ်ပြီး ဖြေမနေနိုင်ဘူး၊ ပါးစပ်ပိတ်ထား။ စန်းနဲ့သန်းကြားရင် မနက်ကထက်နာလိမ့်မယ်–နှိပ်မှာသာ နှိပ်စမ်း"

mgyoe.com

mgyoe.com


ဧည့်သည်ပြန်သွားပြီဖြစ်သော စန်းနှင့်သန်းသည် ဒေါ်ခင်ကြီး အခန်းထဲ ဝင်လာစဉ်မှာ ဒေါ်ခင်ကြီးနှင့် မိဇာတို့အချီအချပြောသံကို တစ်စွန်းတစ်စ ကြားလိုက်ရ၏။ "ကောင်မ...နင့်ပါးစပ်ကိုဖွင့်ပြန်ပြီလား၊ မနက်ကထက် နာချင်ပြီထင်တယ်"

သန်းက မိဇာ၏တင်ပါးကို ခြေဖြင့်တစ်ချက်ခတ်ရင်း ပြောလိုက်ပြီး ခုတင်အနီးရှိ ဆိုဖာပေါ်မှာ ညီအမနှစ်ယောက် ထိုင်လိုက်မိကြ၏။ ထိုင်မိသည်နှင့် တစ်ပြိုင်နက် သန်းကစကားဆက်ပြောနေသဖြင့် မိဇာမှာ ပါးစပ်ပိတ်ထားရရှာပြန်သည်။

"ကြီးကြီး...ကျောင်းနေဖက် သူငယ်ချင်းကလေ အခုမင်္ဂလာဆောင်တော့မယ်။ သူ့လက်ထပ်ပွဲမှာ သတို့သမီးအရံလုပ်ဖို့ ကိုယ်တိုင်လာဖိတ်တယ် ကြီးကြီးရဲ့..."

"ဟုတ်လား...ဘယ်သူနဲ့လဲ"

ဒေါ်ခင်ကြီးက တူမချောနှစ်ယောက်အား စေ့စေ့ကြည့်ရင်း မေးလိုက်၏။

"ကြီးကြီးသိပါလိမ့်မယ်၊ စက်ပိုင်ရှင်သူဌေး ဦးလှကျော်သားလေ..."

"အော်...ဦးလှကျော်သားလား၊ ကြီးကြီးသိတာပေါ့၊ သူငယ်ကလေးက ပညာရော၊ ရာထူးရော ပြည့်စုံပြီးသားပဲ"

"နှစ်ဖက်စလုံး ထိတ်ထိတ်ကြဲတွေပဲ ကြီးကြီး၊ အပျိုရံအတွက် သုံးရာတန် ငွေချည်ထိုး ကြိုးကြီးချိတ်ထဘီတစ်ထည်နဲ့ လာဖိတ်တာ၊ ဗမာပီပီ ဆံထုံးနဲ့ ဆံမြိတ်ရှည်နဲ့ ဆင်ယင်ထုံးဖွဲ့ခဲ့ပါလို့လည်း အထူးမှာသွားတယ်ကြီးကြီးရဲ့"

သန်းကပြောရင်း ခေတ်ဆန်ချင်လှသဖြင့် ရှိရင်းစွဲ ဆံပင်ကိုဖြတ်ကာ ကျီးသိုက်လို ပွနေအောင်စက်ဖြင့် ဖြတ်တောက်ကောက်ချိတ်ထား

mgyoe.com

mgyoe.com


သဖြင့် တောင်ဆုပ်မျှပင် မရှည်တော့သော သူ့ဆံပင်ကို လက်ဖြင့်သပ်ကြည့်လိုက်မိသည်။

"ဆံထိုးနဲ့ ဆံမြိတ်ရှည်ဆိုရင် ဆံစုကောင်းကောင်းတစ်ချောင်းလိုလိမ့်မယ် ညီမရဲ့"

စန်းက ထိုသို့ပြောလိုက်လျှင် သန်းမှာ စိတ်ရှုပ်သွားရှာသည်။ သုံးရက်မျှသာ လိုတော့သော မင်္ဂလာပွဲအတွက် ဆံစုကောင်းကောင်းတစ်ခု အချိန်မီရရှိနိုင်ပါမည်လော။ နားထင် သွေးရောက်သောမာနကြောင့် အခြားသူထံမှ ဆံစုငှားရန် စိတ်မျှမကူးပေ။

"ဒရိုင်ဘာမိန်းမ မလှအေး ဆံစုကောင်းကောင်း စည်းတတ်တယ်မဟုတ်လား မမစန်း"

"အေး...ဟိုဘက်အိမ်က မင်းကြီးကတော် ဆံပင်တွေကျွတ်နေတာ သူ့ပဲဆံပင်ကျွတ်တွေစီပြီး ဆံစုစည်းပေးလိုက်တယ် သန်းရဲ့ လက်ခ,နှစ်ဆယ်လားရတယ်"

"ဟန်ကျပြီ...အဆင်သင့်လိုက်တာ"

သန်းကပြောပြီး အိမ်ခန်းပြတင်းပေါက်မှ မလှအေးအား လှမ်းခေါ်လိုက်ပြီး...

"ကတ်ကြေးဘယ်မှာထားသလဲ မမစန်း" ဟုမေးလိုက်၏။

"တို့အိပ်ခန်းထဲမှာ စားပွဲပေါ်မှာ၊ နေဦးလေ မမစန်း...သွားယူပေးမယ်၊ အခန်းထဲမှာ မောင်အိပ်နေတယ် ဒီကောင်မခိုင်းလို့ မဖြစ်ပါဘူး"

စန်းက ထိုသို့ပြောပြီး ကတ်ကြေးယူရန် ထွက်သွားသည်...၊ အခန်းထဲမှာ တိတ်ဆိတ်သွားပြန်၏။ သန်းကမိဇာကို စူးစိုက်စွာကြည့်နေသည်။ မိဇာက ဒူးထောက်လျက် မျက်နှာအောက်ချကာ နှိပ်မြဲတိုင်းနှိပ်နေသည်။ ထောက်ထားသောဒူးမှာ ညောင်းညာနာကျင်လှသော်လည်း နေရာမပျက် ရဲ၊ အားခဲကြိတ်မှိတ်နေရသည်။ ခေါင်ခင်ကြီးကား မွေးကြိုင်

mgyoe.com

mgyoe.com


သော နံ့သာဖြူ စိပ်ပုတီးကိုနင်ပြီးနင်ဆင်း တစ်လုံးပြီးတစ်လုံး စိပ်ရင်းဖိမ်ယူ အနှိပ်ခံနေသည်။

စန်းနှင့်မလှအေးတို့ အခန်းထဲသို့ ရှေ့ဆင့်နောက်ဆင့်ဝင်လာသည်။ စန်း၏လက်ထဲတွင် ထက်မြက်ပြောင်လက်သော ကတ်ကြေး တစ်စင်း ကိုင်လာ၏။

"ဘာကိစ္စခေါ်ပါသလဲ မမသန်း"

မလှအေးက ရိုသေစွာမေးလိုက်သည်။

"ဆံစုခေါင်းစည်း စည်းခိုင်းမလို့ခေါ်တာအေ...၊ ဆံစုတစ်ချောင်း မြန်မြန်စည်းပေးစမ်း"

သန်းက သူ့အစ်မလက်ထဲမှ ကတ်ကြေးကို လှမ်းယူလိုက်ရင်း ပြောလိုက်၏။

"ဟုတ်ကဲ့မမသန်း...ဆံပင်ဘယ်မှာလဲ"

သန်းက မအေး၏အမေးကိုမဖြေဘဲ မိဇာအား လှမ်းခေါ်လိုက်၏။ မိဇာသည် ဒေါ်ခင်ကြီးအားနှိပ်နေရာမှ သခင်မလေးခေါ်ရာသို့ ဒူးထောက်လျက်ရွေ့လာသည်။

"နင့်ဆံထုံးဖြေလိုက်စမ်း"

အဓိပ္ပာယ်ကား ပေါ်လေပြီ၊ ရှည်လျားများပြားသော မိဇာ၏ဆံပင်များကား မိဇာ၏ခေါင်းထက်မှ ရွေ့လျားပေတော့မည်။ မလှအေးမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ မိဇာသည်သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်ထားရင်း အားကိုးကြီးစွာဖြင့် ဒေါ်ခင်ကြီးအား လှည့်ကြည့်လိုက်ရှာ၏။ သို့သော် ဒေါ်ခင်ကြီးကား ဥပေက္ခာ ပါရမီပြည့်ပြီးသူ ပုဂ္ဂိုလ်ကဲ့သို့ တူမများ လုပ်ကိုင်စီစဉ်သမျှကို တစ်ခွန်းတစ်ပါဒမျှ မစွက်ဖက်ဘဲ ခပ်တည်တည်ပင်ကြည့်ရင်း ပုတီးကိုသာ စိပ်နေသည်။ မည်ကဲ့သို့သော တရားမျိုးနှလုံးသွင်းနေသနည်း။ မလှအေးသည် မိဇာအတွက်စိတ်ထိ

mgyoe.com

mgyoe.com


ခိုက်ရသဖြင့် ဒေါ်ခင်ကြီးတို့ တစ်သိုက်လုံးအား များစွာစက်ဆုပ်လိုက်မိသည်။

"မသူဇာကို သနားပါတယ် မမသန်းရယ်၊ ဆံစုကောင်းကောင်း လိုချင်ရင် တခြားကကျွန်မရှာပေးပါ့မယ်"

မလှအေးကပြောလိုက်လျှင် စန်းနှင့်သန်းက မလှအေးအား မျက်စောင်းထိုးလိုက်ကြသည်။

"ကောင်မ...နင့်လက်ကို မဖယ်ဘူးလား"

စန်းကပြောရင်း မိဇာ၏တင်ပါးကို ခြေနှင့်ခပ်ဆတ်ဆတ် ကန်လိုက်၏။ သန်းက မိဇာ၏ဆံထုံးကို လှမ်းဆွဲမည်အပြုတွင် မိဇာသည် ညီအစ်မနှစ်ယောက်စလုံးနှင့် လွတ်အောင် လျင်မြန်စွာရွှေ့လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။

"ကျွန်မအမြတ်တနိုးထားတဲ့ ဆံပင်ကိုတော့ မဖျက်ဆီးကြပါနဲ့၊ ကျွန်မ မပေးနိုင်ဘူး...မေမေကြီးရယ် ကျွန်မကို သနားရင် မမတို့ကို တားမြစ်ပေးပါ"

မိဇာသည် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးကျနေသော မျက်လုံးများဖြင့် ဒေါ်ခင်ကြီးအား အသနားခံတိုင်တည်လိုက်သော အခါ...

"နင့်ဆံပင်ကို ပြုပြင်စရာအခွင့်အရေးလည်း မရှိဘူးမိဇာ...။ အနာမခံချင်နဲ့၊ ပေးမှာသာပေးလိုက်"

ထိုမျှသာပြောပြီး ဒေါ်ခင်ကြီးက စိပ်ပုတီးကိုင်လျက် တစ်ဖက်သို့လှည့်ပြီး ကျောခိုင်းနေလိုက်သည်။ စန်းနှင့်သန်းက အစိမ်းဝါးစားတော့မည့် မျက်နှာဖြင့် မိဇာအနားကပ်ရန် ဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိဇာသည် မလှအေး၏နောက်မှလှည့်ကာ တံခါးပေါက်ရှိရာသို့ လျင်မြန်စွာ ပြေးလေတော့သည်။

"ဖမ်းဆွဲထားလိုက်စမ်း မလှအေး...၊ ဖမ်းဆွဲလိုက်စမ်း"

mgyoe.com

mgyoe.com


စန်းနှင့်သန်းတို့ ပြိုင်တူအော်လိုက်လျှင် မလှအေးသည် မိဇာအားဖမ်းမဆွဲဘဲ နောက်ယောင်ခံလိုက်ကာ ပြေးလိုက်လာပြီး အခန်းပြင်ရောက်လျှင်...

"မသူဇာပြေး...ပြေး...ဒီအိမ်မှာမနေနဲ့တော့၊ ဝင်းပြင်ရောက်အောင်မြန်မြန်ပြေး"

မိဇာကြားရုံလောက်မျှ အသံဖြင့် ပြောပြီးစန်းနှင့်သန်းတို့ ညီအစ်မမိဇာအား မဆွဲနိုင်အောင်ကြားမှ မသိမသာ တားဆီးနေသည်။ မိဇာသည်မုဆိုးလိုက်ခြင်းခံရသော သမင်ပျိုမလေးကဲ့သို့ နောက်လှည့် မကြည့်ဘဲလျင်မြန်ဖျတ်လက်စွာ ဝင်းအပြင်ဘက်သို့ ပြေးထွက်ပျောက်ကွယ်သွားလေတော့သည်။ ဆူဆူညံညံ အော်ဟစ်ပြေးလွှားသံများကြောင့် အခန်းထဲတွင် စည်းစိမ်ယူကာ မှေးစက်နေသော ကိုကိုကြီးသည် အလန့်တကြားပြေးထွက်လာ၏။

"ဘာဖြစ်ကြတာလဲဟင်...ဘာဖြစ်ကြတာလဲ"

ဒေါသဆောင်လွှန်းသဖြင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဇနီးချောနှင့် ခယ်မချောကိုတစ်လှည့် ခပ်အေးအေးအမူအရာ ရှိနေသောမလှအေးကိုတစ်လှည့် ကြည့်ရင်း ကိုကိုကြီးက အံ့သြစွာမေးလိုက်သည်။

"ကျွန်မက လူပါးဝသွားတယ်။ ဟင်း...မိလှအေး ညည်းလည်းအလိုတူ အလိုပါပဲ၊ သတိသာထားနေသွား၊ ဘခင်ကို အခုချက်ချင်းကားထုတ်ခဲ့လို့ ပြော၊ ကျွန်မကိုတော့ မတွေ့မချင်းရှာမယ်။ သိကြရောပေါ့၊ သွားလေ မိအေး"

စန်းကပြောသော်လည်း မလှအေးက ပျာပျာသလဲမရှိ...ယောင်တိယောင်ကန်း အမူအရာမျိုးလုပ်နေသည်။ မိဇာ ဝေးဝေးရောက်စေရန်လူစပျောက်စေရန် အချိန်ဆွဲနေသည်။

"ဘာဖြစ်ကြတာလဲ ပြောစမ်းပါဦး"

mgyoe.com

mgyoe.com


ကိုကိုကြီးက ဒုတိယအကြိမ်မေးလိုက်ပြန်၏။

"မိဇာ ထွက်ပြေးလို့ မောင်ရေ...မိဇာ ထွက်ပြေးလို့"စန်းကအသံကို မြှင့်ပြီးအော်ပြောလိုက်၏။

"ဟင်...မိဇာ ပြေးပြီ..."

ကိုကိုကြီးသည် ဝင်းဝဆီသို့မျှော်ကြည့်ရင်း ပြောလိုက်၏။ ဖြူစင် ချောမောလှသော ငွေဝယ်ကျွန်မလေးအား ဆားမျှမပြည်းလိုက်ရမီ လက်လွတ်သွားသည့်အတွက် ကိုကိုကြီးစိတ်မှာ မချင့်မရဲဖြစ်နေသည်။

"မိလှအေး ပြောနေတာမကြားဘူးလား၊ ညည်းယောက်ျားကို ကား ထုတ်ခိုင်းလိုက်"

သန်းက ဒေါသကြီးစွာပြောပြီး အိမ်ပေါ်ထပ်ပြန်တက်သွားသည်။ မလှအေးက ခပ်မှန်မှန်ခြေလှမ်းဖြင့်ပင် နောက်ဖေးတန်းလျားသို့ ပြန်သွား ၏။ စာဖတ်နေသော ခင်ပွန်းသည်အား အဖြစ်အပျက်ကို အေးအေးဆေး ဆေးပင် ပြောပြနေသည်။ မလှအေး၏စကားဆုံးမှ ကိုဘခင်ကကား ရုံသို့ ထွက်လာသည်။ အချိန်မကြာသင့်ဘဲ ကြာနေသောကြောင့် ကိုကို ကြီးနှင့်စန်းတို့ ဇနီးမောင်နှံသည် ဒေါသကြီးစွာ ကားရုံရှိရာသို့ ရောက် လာကြသည်။

"ဟော့–ဘခင် ကားကိုမင်းမကိုင်နဲ့တော့။ မင်းတို့လင်မယားလည်း လူပါးဝတာပဲ။ မလိုချင်ဘူး၊ ဒီနေ့ကစပြီး ထွက်တော့၊ သွားဖို့သာပြင် ထား၊ မင်းရသင့်ရထိုက်တဲ့ငွေကို ကြီးကြီးပေးလိမ့်မယ်။ ညနေခြောက် နာရီကကျော်ရင် မင်းတို့လင်မယားမျက်နှာ ငါမတွေ့ချင်ဘူး၊ မမြင်ချင် ဘူး.." စန်းက ထိုသို့တစ်ချက်လွှတ်အမိန့်ပေးပြီး ကားပေါ်သို့တက် လိုက်သည်။ ကြင်ယာတော်ကိုကိုကြီးက ကားမောင်းကာ မိဇာရှာပုံတော် ဖွင့်ရန် ထွက်သွားကြသည်ကို ဒရိုင်ဘာ ဇနီးမောင်နှံက မဲ့မဲ့ရွဲ့ရွဲ့ လှမ်းကြည့်လိုက်ပြီး...

mgyoe.com

mgyoe.com


"သူတို့ကိုယ်သူတို့ အထက်တန်းစားတွေဆိုပြီး စိတ်ထားက သိပ်ယုတ်မာတာ၊ ထွက်ရတာလည်း ကောင်းကောင်းပဲ" ဟုကိုဘခင်ကပြောသည် ကို...

"အဘွားကြီးကိုယ်တိုင်က ယုတ်မာနေတာတော့" ဟု မလှအေးက ထောက်ခံလိုက်ပြီး လင်မယားနှစ်ယောက် ပစ္စည်းကလေးများ သိမ်းဆည်း ထုပ်ပိုးနေကြစဉ် မိဇာအရေးတော်ပုံဖြစ်စဉ်က အိမ်မှာမရှိခဲ့သော ကိုကိုလေး ရောက်လာသည်။

"မသူဇာဘယ်လိုဖြစ်ပြီး ထွက်ပြေးတာလဲ၊ အမှန်အတိုင်းပြောကြစမ်းပါ..."

ကိုကိုလေးက ကိုဘခင်တို့ အခန်းကလေးထဲဝင်လာပြီး သေတ္တာတစ်လုံးပေါ်မှာထိုင်ရင်း မေးလိုက်၏။

"မေမေကြီးနဲ့ မမသန်းတို့ အိမ်မှာကျန်ခဲ့တာပဲ၊ သူတို့မပြောပြကြဘူးလား" ဟု မလှအေးက အိုးခွက်ပန်းကန်များကို တောင်းတစ်လုံးထဲထည့်ရင်း ပြောလိုက်၏။

"ဖြစ်တဲ့အချိန်မှာ မလှအေးက မျက်မြင်ပဲအစ်ကိုလေးရဲ့" ဟု ကိုဘခင်က ပြောလိုက်သည်။ ကိုဘခင်နှင့်မလှအေးကား ကိုကိုလေးအား သူယုတ်မာအိမ်တွင် တစ်ယောက်တည်း ထွန်းကားနေသော သူတော်ကောင်းဟု နှလုံးပိုက်ကာ ချစ်ကြောက်ရိုသေကြသည်။ အားကိုးလိုသော စိတ်လည်းရှိသည်။

"ကြီးကြီးနဲ့ သန်းကပြောတော့ မိဇာ လူပါးဝသွားတယ်လို့သာ တစ်ခွန်းတည်းပြောတယ်။ ကျွန်တော်မယုံလို့ ခင်ဗျားတို့လာမေးတာပဲ"

"မသူဇာ လူပါးဝတာမဟုတ်ပါဘူး အစ်ကိုလေးရဲ့၊ သူတို့ယုတ်မာတာ"

မလှအေးကလည်း ထွက်ခွာမည့်ဆဲဆဲဖြစ်၍ မထူးတော့ဟု သဘောထားကာ မိဇာအား ညှဉ်းဆဲနှိပ်စက်ခဲ့ပုံများကို မိန်းမပီပီ အသေး

mgyoe.com

mgyoe.com



အဖွဲ့မကျန်အောင် ပြန်လှန်ဇာတ်စုံခင်းပြောလိုက်ပြီး

"မြန်မာမ ဖြစ်ရက်သားနဲ့ ကိုယ့်ဆံပင်ကိုယ် ဘာလူမျိုးမှန်းမသိ အောင် အမိုက်ပုံကြီးလိုလုပ်ထားပြီး အခုမှ သူများခေါင်းက ဆံပင်ကို မတရားဖြတ်ယူချင်တယ်..."

ဟု နိဂုံးချုပ်လိုက်သည်။

ကိုကိုလေးသည် စိတ်မချမ်းမြေ့သော မျက်နှာဖြင့် ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်၏။

"ဒီကောင်မလေး ရုပ်ရည်နဲ့ လူယုတ်မာတွေ လက်ထဲရောက်သွား ရင် ဘဝဆုံးရှာတော့မယ်၊ ခင်ဗျားတို့နဲ့ ကြုံကြိုက်လို့များ တွေ့ရင် တတ် နိုင်သလောက် စောင့်ရှောက်လိုက်ကြပါဗျာ"

ကိုကိုလေးသည် စိတ်ပျက်လက်ပျက်ပြောပြီး သော်ကမြိုင်အိမ်ကြီး ထဲသို့ ပြန်လာခဲ့သည်။ ကိုကိုလေး ပြန်ရောက်ပြီး မကြာမီပင် ကိုကိုကြီး နှင့် စန်းတို့ပြန်ရောက်လာကြသည်။ ဒေါ်ခင်ကြီးနှင့် သန်းလည်း အိမ်ပေါ် မှ ဆင်းလာကြ၏။

"ဘယ်မှာမှ ရှာမတွေ့ဘူးကြီးကြီး။ စန်းသဘောတော့ အိမ်က ပစ္စည်းတွေ ခိုးပြီးပြေးတယ်လို့ ရဲကိုတိုင်ချင်တာပဲ၊ ကြီးကြီး ဘယ်လို သဘောရသလဲ"

စန်းကခရီးရောက်မဆိုက် မောကြီးပန်းကြီးဖြင့် ပြောလိုက်၏။ ကိုကိုလေးက တင်းမာသောမျက်နှာဖြင့် စန်းတို့လူသိုက်အား တစ် ယောက်စီစေ့စေ့ ကြည့်နေသည်၊ ကိုကိုကြီးကား ညီငယ်ကို မျက်နှာချင်း မဆိုင်ဘဲ လွှဲနေသည်။

"ကောင်းတယ် မမစန်း၊ ရဲဌာနတိုင်လိုက်ရင် ဒီကောင်မ မကြာခင် ပြန်မိမှာပဲ" ဟု သန်းက ထောက်ခံလိုက်၏။ ဒေါ်ခင်ကြီးနှင့် ကိုကိုကြီး ကား ဆိတ်ဆိတ်နေ သဘောတူဟူသော စကားအတိုင်း ဆိတ်ဆိတ်ပင်

mgyoe.com

mgyoe.com


နေကြသည်။

"ခင်ဗျားတို့က ရဲတိုင်ရအောင် မသူဇာက ဘာပစ္စည်းယူသွားလို့လဲ၊ ခင်ဗျားတို့လူမဆန်တဲ့ ရက်စက်မှုကြောင့် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ လက်လွတ်ဆင်းပြေးရတာကို သက်သေခံမယ့်လူကရှိနေတယ်။ ရဲက မသူဇာကိုမိပါပြီတဲ့၊ စစ်ဆေးတဲ့အခါ မသူဇာကအကုန်ဖွင့်ပြီး အစစ်ခံလိုက်ရင် ခင်ဗျားတို့ ဂုဏ်သရေထိခိုက်မှာလည်း ပြန်စဉ်းစားကြဦး"

ကိုကိုလေး၏စကားတွင် အဓိပ္ပာယ်ပါနေသဖြင့် ကိုကိုကြီးကဇနီးနှင့် ခယ်မအား ရဲဌာနမတိုင်ရန်ပိတ်ပင်လိုက်သည်။

"သန်းတို့ကို လူမဆန်ဘူးဆိုတဲ့ စကားသုံးပြီးပြောတော့ ကိုကိုက မိဇာဘက်က တော်တော်နာနေပြီထင်တယ်"

သန်းက ခင်ပွန်းသောင်းအား ငေါ့လိုက်၏။ ကိုကိုလေးသည်သန်းအား မီးထွက်မတတ်တောက်ပြောင်နေသော မျက်လုံးဖြင့် ကြည့်လိုက်၏။

"ဒီစကားကို သုံးသင့်လို့သုံးတာပဲသန်း...၊ မသူဇာဘက်က နာတာမှန်တယ်။ ဟိုလိုဒီလို စိတ်ယုတ်မာမျိုးထားပြီး နာတာမဟုတ်ဘူး၊ လူလူချင်း ကိုယ်ချင်းစာတရားနဲ့ ကြင်နာမှုထားပြီးနာတာ"

"ကိုကိုက သန်းတို့မှာ ကိုယ်ချင်းစာတရားမရှိဘူးလို့ ဆိုလိုချင်တာပေါ့လေ"သန်းကခါးထောက်ပြီး မခန့်လေးစားလေသံဖြင့် ပြောလိုက်သည်။

"ဆိုချင်တာမဟုတ်ဘူး၊ ဆိုကိုဆိုတာ...။ ခင်ဗျားတို့ ကိုယ်ချင်းလည်းမစာဘူး၊ ညီမချင်းလည်းမစာဘူး၊ နှမချင်းလည်းမစာဘူး၊ တူမချင်းလည်းမစာဘူး"

အေးဆေးတည်ကြည်စွာ နေတတ်သလောက် ပြောစရာပေါ်လာ၍ ပြောမိပြီဆိုလျှင် ခြွင်းချက်မထားဘဲ အကုန်ဖွင့်ချတတ်သော ညီငယ်၏သဘောကို သိပြီးဖြစ်သော ကိုကိုကြီးသည် ဆူပူသောအသံကို နားမခံ

mgyoe.com

mgyoe.com


နိုင်သည့် ဟန်အမူအရာမျိုးဖြင့် ခြံထဲသို့ထွက်သွားလေသည်။ စန်းနှင့် သန်းတို့ညီအစ်မကား...ကိုကိုလေး တကယ်ဒေါသဖြစ်နေပြီကို သိ၍ တစ်ကြောင်း၊ ကိုကိုလေး၏ပြောစကား များမှာချက်ပိုင်နေ၍တစ်ကြောင်း ရှုံ့ပြီးတိတ်နေကြသည်။

"ကိုကိုလေး...မင်းစကားကို လက်လွတ်စပယ်မပြောနဲ့။ မင်းပြော တာက ကြီးကြီးကိုပါ ထိခိုက်နေပြီ"

ဒေါ်ခင်ကြီးက အမျက်ကိုထိန်းချုပ်ပြီး ခပ်အေးအေးပြောလိုက်သည်။

"ကျွန်တော်ပြောတာမှန်တာပြောလို့ ကြီးကြီးကို ထိခိုက်သွားတာ ပါ...၊ စိပ်ပုတီးကို ဘယ်အခါမှ လက်ကမချလို့ မြင်သမျှလူအပေါင်းက သူတော်ကောင်းကြီးလို့ ကင်ပွန်းတပ်ခြင်းခံနေရတဲ့ကြီးကြီးက မျက်စိ အောက်မှာ တူမနှစ်ယောက် ဘာပဲလုပ်လုပ် မဟန့်တားဘဲကြည့်နေလို့ တူမချင်းမစာဘူးလို့ ကျွန်တော်ပြောတာပါ။ ကြီးကြီးမှာသမီးမရှိလို့ သမီး ချင်းမစာတတ်သော်လည်း တူမချင်းစာဖို့တော့ ကောင်းပါတယ်"

ကိုကိုလေးက ထိုကဲ့သို့ပြောလိုက်လျှင်ပင် ဒေါ်ခင်ကြီးသည် မည် ကဲ့သို့ဖြစ်သွားသည်မသိ၊ ရင်ကိုလက်နဲ့ဖိကာ အူအသည်း ကြွေလုနီးမျှ စိတ်ဒုက္ခ ခံစားရသူ၏မျက်နှာသို့ ရုတ်ခြည်းပြောင်းလဲသွားလေသည်။ ထိုနောက်မှ စိတ်ကိုချုပ်တည်းကာ မျက်နှာထားကိုပြင်ပြီး တင်းမာသော လေသံဖြင့် ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကြီးကြီးကို ဝေဖန်နေစရာ မလိုပါဘူး...၊ မင်း အမေလည်း မရှိတော့ဘူး။ မင်းတို့ညီအစ်ကို ပညာပြည့်စုံပြီးတဲ့နောက် မင်းအဖေက ငါ့လက်ထဲအပ်ပြီး တရားအားထုတ်မယ်ဆိုပြီး ထွက် သွားတာ သေမှန်းမသိ၊ ရှင်မှန်းမသိ မင်းအဖေနဲ့ငါလည်း ဆွေမျိုး မကင်းဘူး၊ ဒါကြောင့် ငါစောင့်ရှောက်ထိန်းသိမ်း စီမံပေးခဲ့လို့ ကိုကို ကြီးကလည်း တင့်တင့်တယ်တယ် ဖြစ်နေပြီ...။ မင်းကိုလည်း တင့်တယ်

mgyoe.com

mgyoe.com


အောင် စီမံထားတယ်မဟုတ်လား၊ မင်းလုပ်နေတဲ့ အတွင်းဝန်လခကို မင်းသဘောအတိုင်း ထိန်းသိမ်းပြီး ငါ့ထမင်းကို မင်းစားနေတာကွဲ့။ ငါ့ကိုထိခိုက်ပြောဖို့၊ ဆန့်ကျင်ဘက်လုပ်ဖို့ အကြောင်း ဘာမှမရှိဘူး ဆိုတာ မင်းသတိပြုပါ…"

"အော်…ကြီးကြီးသဘောက ဒီလိုလား…၊ ငါ့ထမင်းစားရင် ငါ့သဘောအတိုင်း ပုံသွားသလိုနေရမယ်ဆိုတဲ့ ဝါဒလား၊ အစကတည်းက ကျွန်တော် ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးနေပါရစေလို့ ပြောရက်သားနဲ့ ကြီးကြီးနဲ့ ကြီးကြီးတူမတော်တွေက မရမကအတင်းခေါ်လို့ ကျွန်တော် မနေချင်ဘဲ နေရတယ်ဆိုတာ ကြီးကြီးမေ့သွားပြီထင်ပါတယ်"

ကိုကိုလေးသည် စကားကိုရုတ်တရက် ဖြတ်ပြီး တယ်လီဖုန်းရှိရာသို့သွားကာ နံပါတ်တစ်ခုကိုခေါ်ပြီး ကားလွှတ်ပေးရန် မှာကြားလိုက်သဖြင့် ဒေါ်ခင်ကြီး၊ စန်းနှင့် သန်းတို့သည် ကိုကိုလေးဘာလုပ်မည်ကို အံ့အားသင့်စွာ ကြည့်နေကြသည်။

"ကြီးကြီးရော စန်းနဲ့သန်းရော ခဏလောက်သည်းခံပြီး ဒီမှာပဲ ကျေးဇူးပြုပြီး ထိုင်နေစေလိုပါတယ်။ ကျွန်တော် အခုပဲလာခဲ့ပါမယ်"

ဟုပြောပြီး ကိုကိုလေးသည် သူ့အခန်းထဲသို့ ဝင်သွားလေသည်။ မကြာမီ သားရေသေတ္တာနှစ်လုံးကို တစ်ဖက်စီဆွဲကာ အခန်းထဲမှ ကိုကိုလေးထွက်လာလျှင် သန်းသည် အခြေအနေကို ရိပ်မိရကား မျက်နှာပျက်ကာ မျက်ရည်များလည်လာသည်။ ကိုကိုလေးသည် သေတ္တာများကို ချလိုက်ပြီး ဒေါ်ခင်ကြီးအား ရိုသေစွာကန်တော့လိုက်၏။

"ကြီးကြီးအရိပ်ခိုပြီး ကြီးကြီးထမင်းကိုစားနေခဲ့ရတဲ့ ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး၊ အကြောင်းကိစ္စရှိရင်လည်း ကျွန်တော်တတ်နိုင်သလောက် အကူအညီပေးပါမယ်။ ကျွန်တော့်ကို ခွင့်ပြုပါကြီးကြီး"

ကိုကိုလေးသည် ဒေါ်ခင်ကြီးအား ကန်တော့ပြီး ငွေစက္ကူထည့်

mgyoe.com

mgyoe.com


ထားသော စက္ကူအိတ်တစ်ခုကို ဒေါ်ခင်ကြီး၏ပေါင်ပေါ်သို့ ရှိသေစွာတင်လိုက်သည်။ ဒေါ်ခင်ကြီးသည် ငွေစက္ကူအိတ်ကို ပုတ်ချလိုက်ပြီး အောက်နှုတ်ခမ်းကိုကိုက်ကာ ကိုကိုလေးအား စေ့စေ့ကြည့်နေသည်။

"ကိုကို ဒီအိမ်က ခွာတော့မယ်ပေါ့လေ"

သန်းသည် တုန်ယင်သောအသံဖြင့်မေးရင်း မျက်ရည်များ ကျလာသည်။

"ခွာရမှာပေါ့သန်း...၊ စိတ်သဘောချင်းမတူတဲ့ လူတွေနဲ့အတူနေရင် စိတ်ဆင်းရဲရုံရှိမှာပေါ့။ အခုကိုယ်ခွာရတဲ့အကြောင်းရင်းက မသူဇာအတွက် တစ်ခုတည်းမဟုတ်ဘူး။ ကိုယ့်စိတ်ထားက လူလူချင်းဘယ်သူနဲ့ဖြစ်ဖြစ် ကြင်ကြင်နာနာ ကိုယ်ချင်းစာတရားထား ဆက်ဆံချင်တယ်... အချုပ်အချယ် မခံချင်ဘူး။ တစ်အိမ်လုံးမှာ ရှိနေတဲ့လူတွေက ကိုယ့်သဘောထားနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ အောက်ခြေလွတ်ပြီး မိုးပေါ်ရောက်နေတဲ့လူတွေနဲ့ ကြာရှည်နေလို့ ဖြစ်နိုင်ပါ့မလား"

ကိုကိုလေးသည် သန်းကိုမကြည့်ဘဲ ဝင်းဝသို့မျှော်ကြည့်ရင်း ပြောလိုက်၏။

"မင်းစဉ်းစားပါဦး ကိုကိုလေး...၊ သန်းနဲ့မင်း လက်ဆက်ဖို့စီမံထားတယ်ဆိုတာလည်း မင်းအသိပဲ၊ ကြီးကြီးရော သန်းသန်းရော စိတ်ဆင်းရဲအရှက်ရအောင် လုပ်တော့မှာလား"

ဒေါ်ခင်ကြီး ပြောစကားကြောင့် ကိုကိုလေးက သန်းအားစေ့စေ့ကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

"သန်းကိုကျွန်တော် စကားနဲ့လည်း မလွန်ကျူးခဲ့ဘူး၊ ကိုယ်ထိလက်ရောက်လည်း မလွန်ကျူးခဲ့ဘူး၊ စိတ်နဲ့တောင် မပြစ်မှားခဲ့ဘူး။ ကြီးကြီးတို့က တစ်ဖက်သတ်သေချာပြီး စီမံနေ၊ ရည်ရွယ်နေတာတော့ ကျွန်တော်လည်းမတတ်နိုင်ဘူး။ ကြီးကြီးတူမလည်း သေသေချာချာပြန်

mgyoe.com

mgyoe.com


ကြည့်ပါဦး...၊ အတွင်းခံဘရာစီယာကလေးနဲ့ အပေါ်ကနိုင်လွန်လက်ပြတ် ဝတ်ထားတော့ လုံးလုံးချွတ်မထားရုံ တစ်မည်ပါပဲ၊ ဆံပင်တွေကလည်း ကျီးသိုက်ကြီးလို ဖြတ်တောက်ကောက်ဖွထားပြီး ဝတ်ထားတဲ့ထမီက တိုတို၊ လက်သည်းတွေက စုန်းမကြီးလို ချွန်ထားတော့ အတွင်းဝန်ကတော်ဟာ ဘာလူမျိုးလဲလို့မေးရင် ကျွန်တော်ဘယ်လိုဖြေရမလဲ၊ နောက်ပြီးတော့..."

"နောက်ပြီးတော့ ဘာဖြစ်သလဲ၊ ပြောစမ်း–ပြောစမ်း"

ကိုကိုလေး၏ စကားမဆုံးမီ သန်းကဒေါသကြီးစွာ ဖြတ်မေး၏။ ကိုကိုလေးက သန်း၏မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်သည်။

"ပြောမလို့ပါပဲ၊ ဘာကြောင့် ခင်ဗျားက စကားဖြတ်ရသလဲ။ အဲ.. နောက်ပြီးတော့ မျက်ခွံရော၊ နှာခေါင်းရော၊ ပါးရော အနီတွေ ဆိုးထားတာက ကိုယ်ရေရောဂါရှိတဲ့လူ အကွက်ထွက်နေသလိုမို့ ကြည့်ရတာ..."

စကားမဆုံးမီ သန်းသည် အနီးရှိစားပွဲဝိုင်းပေါ်မှ ငွေစီးကရက်ဘူးနှင့် ကောက်ပေါက်လိုက်ရာ ကိုကိုလေး၏နဖူးကို တည့်တည့်ပင်မှန်လေတော့သည်။

"ကောင်းပေ့ဗျာ... ခင်ဗျားနဲ့ ကျုပ်နဲ့ တစ်သက်လုံး မေ့မရတဲ့ မှန်းတီးခြင်း အထိမ်းအမှတ်ပါပဲ။ ကဲ–ဟောဟိုမှာ ကျွန်တော်မှာထားတဲ့ ကားလာပြီ၊ သွားပြီနော်... ကြီးကြီး"

ကိုကိုလေးသည် စီးကရက်ဘူး မှန်သောနေရာကို လက်ဖြင့်တစ်ချက်ပွတ်လိုက်ပြီး သားရေသေတ္တာနှစ်လုံးကိုဆွဲကာ ဒေါ်ခင်ကြီးအား နှုတ်ဆက်ပြီး "သော်ကမြိုင်" ဂေဟာမှ ထွက်ခွာသွားလေတော့ရာ တရှိုက်ရှိုက်ငိုကြွေးလိုက်သော သန်း၏အသံ၊ "ကျွန်မထိလို့ နာပြီး ထွက်သွားတာ အရေးလုပ်ပြီး ငိုမနေပါနဲ့" ဟူသောစန်း၏ ဒေါသသံ၊ လေးလံသော

mgyoe.com

mgyoe.com


ဒေါ်ခင်ကြီး၏ သက်ပြင်းချသံများမှာ နောက်ပိုင်းဝယ် ပဲ့တင်ထပ်သွား လေတော့သည်။

* * *

ရာသီစက်မောင်း၊ လှည့်ကာပြောင်း၍၊ ဆောင်းအကုန်နွေကျူး ဝသန်ကူးလျက်၊ သစ်ထူးဆင့်လည်၊ သုံးရာသီသို့ပင် တိုင်ခဲ့လေပြီ။

ကိုကိုလေးသည် မောင်းလာသော သူပိုင်စကိုဒါကားလေးကို အရှိန်သတ်ကာ ကားရုံတွင်းသို့ သွင်းလိုက်ပြီး နွမ်းနယ်မောဟိုက်စွာသူ့ အခန်းထဲ တောက်လျှောက်ဝင်သွားပြီး ခုတင်ပေါ်တွင် ခြေပစ်လက်ပစ် လဲလျောင်းလိုက်၏။ ဒေါ်ခင်ကြီး၏ အိမ်မှဆင်းလာခဲ့ပြီး သုံးနှစ်မျှသော အချိန်ကာလ ကိုကိုလေးသည် ဒေါ်ခင်ကြီးအိမ်သို့ တစ်ကြိမ်တစ်ခါမှ မသွားခဲ့ပေ။ သော်ကမြိုင်ဂေဟာမှ အိမ်သားများကို သွားရင်းလာရင်း တွေ့သည်တိုင်အောင် တတ်နိုင်သမျှ ကြိုးစားရှောင်ကွင်းခဲ့သည်။ သူယခု နေထိုင်ရာ ရန်ကင်းရှိအိမ်ကိုလည်း အသိမပေးခဲ့ချေ။ ကိုယ်စိတ်လွတ် လပ်စွာနေရင်း ခြေရာပျောက်ထွက်ပြေးရှာသူ မိဇာအား တတ်နိုင်သရွေ့ စုံစမ်းရှာဖွေနေမိသည်။ ဤရုပ်ရည်ကလေးနှင့် မကောင်းသူများ လက် တွင်း ရောက်သွားပါက ဘဝဆုံးရှာတော့မည်ဟု သနားကြင်နာစွာ ကယ် တင်လိုသည့်စေတနာဖြင့် ရှာဖွေစုံစမ်းပါသော်လည်း သုံးနှစ်သုံးမိုးသို့သာ တိုင်ခဲ့သည်။ သတင်းအစအနမျှ မသိရချေ။

ကိုကိုလေးသည် အိပ်ရာပေါ်တွင် လဲလျောင်းကာ မိဇာအကြောင်း စဉ်းစားနေရာမှ မိဇာထွက်ပြေးရသည့် အကြောင်းရင်းများတွင် တစ်ချက် အပါအဝင်ဖြစ်သော အစ်ကိုဖြစ်သူကိုကိုကြီး၏ မျက်နှာကို ကွက်ခနဲမြင် လိုက်မိ၏။ ထိုသို့မြင်လိုက်မိလျှင် နေ့လယ်က ရုံးသို့ကိုကိုကြီးလိုက် လာ၍ ညီအစ်ကိုနှစ်ယောက် စကားပြောအဆင်မပြေသည်ကို ပြန်လည်

mgyoe.com

mgyoe.com


သတိရမိပြန်၏။

"သုံးနှစ်လုံးလုံး အိမ်ကိုတစ်ခါမှမလာဘဲ စိမ်းစိမ်းကားကား နေရက်တာများ အံ့ပါရဲ့ညီလေးရာ...၊ အစ်ကိုအရင်းတစ်ယောက်လုံး ရှိသေးတယ်ဆိုတာများ သတိရသေးရဲ့လား"

ကိုကိုကြီးက ညီ၏အလုပ်စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်ရင်း ပြောလိုက်၏။ ကိုကိုလေးကမူ အလုပ်ကိစ္စနှင့် လာသူတစ်ယောက်အား ဆက်ဆံသကဲ့သို့ တည်ငြိမ်အေးဆေးစွာ အစ်ကိုအားကြည့်လိုက်ပြီး...

"ကျွန်တော် လာစရာအကြောင်း ဘာမှမရှိပါဘူး"ဟုအေး စက်စက် ပြန်ပြောလိုက်၏။

"မဟုတ်သေးဘူးလေညီလေး၊ သန်းတစ်ယောက်လည်း မင်း ထွက်သွားပြီးမှ တော်တော်စိတ်ဆင်းရဲနေရှာတယ်ကွ"

ကိုကိုလေးက မဲ့ပြုံး–ပြုံးလိုက်သည်။

"စိတ်ဆင်းရဲနေတယ်ဆိုတာ ဟုတ်ရှာပေလိမ့်မယ်၊ တစ်နေ့က ဟိုနာမည်ကြီးဟိုတယ် ညော့်ခံပွဲတစ်ခုမှာ မမြင့်ဝှမ်ရှုဝှံ ဝတ်ဆင်ပြီး ယောကျာ်း တစ်ယောက်နဲ့ တွဲနေတာ ကျွန်တော်သွားရင်းလာရင်း တွေ့လိုက်သားပဲ"

"ဒါကတော့ အခုခေတ် ဂုဏ်အရှိန်အဆင့်အတန်းရှိတဲ့ မိန်းက လေးတွေ အများဆုံးလိုက်နာနေတဲ့ ယဉ်ကျေးမှုပဲကွ။ ဒါတွေပြောမနေ ပါနဲ့၊ မင်းနဲ့သန်းနဲ့ လက်ထပ်ဖို့ အချိန်တော်ပြီလို့ ငါထင်တယ်"

ကိုကိုလေးက ဘာမှမပြောချေ၊ ဖိုင်တွဲတစ်ခုကို လှန်ကြည့်နေ လိုက်သည်။

"ငါပြောတာ စိတ်ဝင်စားစမ်းပါကွာ...ကြီးကြီးကလည်း အခုကျန်းမာ ရေးမှာ တော်တော်ချို့ယွင်းနေလို့ ဆရာဝန် အမြဲပင့်နေရတယ်၊ ကြီးကြီး စိတ်ချမ်းသာမှုဖြစ်အောင် လိုက်လျောပါ ညီလေးရာ..."

ကိုကိုကြီးက စိတ်အားထက်သန်စွာ ပြောနေသလောက် ကိုကို

mgyoe.com

mgyoe.com


လေးက စိတ်ဝင်စားမှုမရှိချေ။ပြုံးတော့မည့်ယောင်ယောင် မျက်နှာပေး ဖြင့် အစ်ကို့အားစေ့စေ့ ကြည့်လိုက်၏။ ကိုကိုလေးသည် သော်ကမြိုင် ဂေဟာသို့ လမ်းဖြတ်ထားလင့်ကစား သတင်းစကားများကိုကား သိတန် သရွေ့ သိပြီးဖြစ်သည်။

"တော်စမ်းပါ ကိုကိုရာ…ကြီးကြီးစိတ်မချမ်းသာတာက ကျွန်တော် သန်းကိုလက်မထပ်လို့ မဟုတ်ပါဘူး၊ ကိုကိုတွေ့ကရာတွေ စည်းကမ်းမဲ့ လုပ်နေလို့ ခင်အောင်မြင့်ကုမ္ပဏီ တစ်ရှုံးတည်းရှုံးပြီး ဖျက်ရမည့်အခြေ ရောက်နေတာရယ်၊ သူအင်မတန် မြှောက်စားခဲ့တဲ့ ကိုကိုနဲ့တူမတော် နှစ်ယောက်က သူ့ကိုပြုစုယုယမှုမရှိဘဲ အပြင်ထွက် အလေလိုက်နေတာ ရယ်၊ သူအလွန်မှတွေ့ချင်နေတဲ့ လူတစ်ယောက်ကို ရှာမတွေ့တာရယ်.. အဲဒါတွေကြောင့် စိတ်မချမ်းသာ ဖြစ်နေတာပါ။ ကျွန်တော်သိပြီးပါပြီ"

"မင်းက ဘယ်လိုသိနေရတာလဲကွ" ကိုကိုကြီးက ပျက်ယောင် ယောင် မျက်နှာထားကို ပြင်ပြီးမေးလိုက်၏။

"ခင်အောင်မြင့် ကုမ္ပဏီလို နာမည်ကြီးထိပ်သီး ကုမ္ပဏီတစ်ခု ပျက်နေပြီဆိုတာ အထူးစုံစမ်းစရာမလိုပါဘူး…လူတိုင်းသိနေတာပဲ။ ကိုကိုနဲ့ ဇနီးချော၊ ခယ်မချောတွေက အိမ်မှာငြိမ်နေလို့လား…။ ဟိုတယ် တွေ၊ ကပွဲတွေ၊ ပစ်ကနစ်တွေ၊ ပါတီပွဲတွေမှာ အမြဲရှိနေတယ်ဆိုတာ ကျွန်တော် သွားရင်းလာရင်း မြင်တဲ့အခါမြင်တယ်၊ သတင်းလည်းကြား နေရတာပဲ။ အဘွားကြီး ခရီးခဏခဏထွက်ပြီး လူပျောက်ရှာနေတာ လည်း ကျွန်တော်တစ်စွန်းတစ်စ သိပါတယ်"

"မင်းကို ဘယ်သူပြောတာလဲ…"

"ဒရိုင်ဘာ ကိုဘခင်လေ…"

"ဟော…ဘခင်က မင်းဆီမှာလား" ကိုကိုကြီးက အံ့အားသင့်စွာ မေးလိုက်၏။

mgyoe.com

mgyoe.com


"သော်ကမြိုင်ဂေဟာက ဘီလူးမင်း၊ ဘီလူးမိဖုရားတွေက မသူဇာကိုစွဲနဲ့ပတ်သက်ပြီး နှင်ချလိုက်ကတည်းက ကျွန်တော်ဆီရောက်နေကြတယ်လေ...။ တော်တော့ကိုကို၊ သော်ကမြိုင်အကြောင်းတွေ လာမပြောနဲ့။ ကိုကိုကအခုလိုလာပြီး ပြောနေတော့ အပြစ်မဲ့၊ အားကိုးရာမဲ့တဲ့ ကိုယ့်ဗမာအမျိုးသမီးလေးတစ်ယောက် ကိုကိုတို့ကြောင့် ဘယ်ဆီဘယ်သောင်ကမ်း ဆိုက်ရှာမယ်ဆိုတာ တွေးမိပြီးစိတ်မကောင်းဘူး၊ ကိုကိုပြန်ဖို့ အချိန်တော်ပြီ"

ကိုကိုလေးကစကားကို ပြတ်ပြတ်ပြောပြီး သူ့အလုပ်ကို ဆက်လုပ်နေသဖြင့် ကိုကိုကြီးသည် ညီ၏မျက်နှာကို ဆက်မကြည့်ဝံ့တော့ဘဲ ထွက်သွားလေသည်။ ကိုကိုလေးသည် မည်မျှကြာအောင် တွေးနေမိသည်မသိ၊ ဖျောက်ခနဲ အသံကြားပြီး တစ်ခန်းလုံး လင်းထိန်လာမှ ခေါင်းထောင်လိုက်မိသည်။ ဒရိုင်ဘာ ကိုဘခင်ကို မီးခလုတ်နားတွင် တွေ့ရ၏။

"နိုးပြီလား အစ်ကိုလေး" ကိုဘခင်က မေးလိုက်၏။

"ကျွန်တော်မအိပ်ပါဘူး ကိုဘခင်" ကိုကိုလေးက လဲလျောင်းနေရာမှ ပြန်ဖြေလိုက်ပြီး...

"ဘယ်အချိန်ရှိပြီလဲဗျ"ဟုမေးရင်း ထိုင်လိုက်၏။

"ငါးနာရီခွဲနေပြီ အစ်ကိုလေးရဲ့၊ ကျွန်တော် ပြန်လာတော့ အစ်ကိုလေးရုံးဆင်းပြီးပြီလို့ မလှအေးက ပြောတယ်။ ကျွန်တော်လာကြည့်သေးတယ်၊ အစ်ကိုလေး အိပ်ပျော်နေပြီမှတ်လို့"

"ခင်ဗျားရောက်တာကြာပြီလား၊ ဘာသတင်းများ အစအနရခဲ့သေးလဲ"

ကိုဘခင်က စိတ်ပျက်စွာ ဦးခေါင်းကို ခါယမ်းလိုက်၏။

"ကျွန်တော်လည်း ရန်ကုန်မှာဆိုရင် အသိအကျွမ်းရော၊ ကျွန်တော့်အဆင့်အတန်းလိုက်ပေါ့လေ၊ နေရာဌာနရော တော်တော်နှံ့စပ်တဲ့ အ

mgyoe.com

mgyoe.com


ကောင်ပါပဲ။ မသူဇာနဲ့ပတ်သက်လို့ ဘာမှအစအနမရဘူး အစ်ကိုလေးရာ၊ ကုန်ကုန်ပြောရမယ်ဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေတွေသိသမျှ၊ အဆက်အသွယ်ရှိသမျှ၊ ဖိမ်နန်းတွေတောင် လိုက်ပြီးစုံစမ်းမိပါတယ်၊ ကျွန်တော်ပဲ ညံ့နေသလား မပြောတတ်ပါဘူး"

"အေးဗျာ သုံးနှစ်လုံးလုံး ခင်ဗျားရောကျုပ်ရော တတ်နိုင်သရွေ့ စုံစမ်းရှာဖွေတာမှ အစအနမတွေ့ရ မကြားရတော့ သေများသွားလေပြီလားမသိ..."

ထိုသို့ပြောပြီး ကိုကိုလေးသည် တိတ်ဆိတ်စွာဖြင့် အိပ်ရာခေါင်းရင်းပြတင်းပေါက်မှ မှောင်ရီပျိုးနေသော မိုးကောင်းကင်ကို ငေးမော ကြည့်ရှုနေလေသည်။

"အစ်ကိုကြီးသတင်းတော့ ကြားခဲ့တယ်"

ကိုဘခင်က စကားအဆက်အစပ်မရှိ ပြောလိုက်၏။

"ဘာဗျ...ကိုဘခင်"

ကိုကိုလေးက ငေးနေရာမှ ဆတ်ခနဲ လှည့်ကြည့်ပြီး မေးလိုက်၏ ။

"ဟို–သော်ကမြိုင်မှာ ကျွန်တော်ထွက်လာပြီးမှ နောက်ရောက်တဲ့ ဒရိုင်ဘာအသစ်က ကျွန်တော့်မိတ်ဆွေပဲ..."

"အေးပါဗျာ...၊ သူ့ဆီက သော်ကမြိုင်သတင်းတွေရနေတာ ခင်ဗျားပြောလို့ သိပြီးပါပြီ"

ကိုကိုလေးက ကိုဘခင်၏စကား နိဒါန်းပျိုးမှုကို စိတ်မရှည်သကဲ့သို့ ဖြတ်ပြောလိုက်၏။

"နားထောင်ပါဦး အစ်ကိုလေးရဲ့၊ အဘွားကြီးက ကျန်တဲ့ပစ္စည်းငါးသိန်းကျော်လောက်ကို ဘာတွေမှန်းတော့မသိဘူးလေ၊ အတွင်းပစ္စည်းလို့ ပြောတာပဲ၊ ဘဏ်မှာအကုန်အပ်လိုက်ပြီတဲ့။ အစ်ကိုလေးက မမသန်း

mgyoe.com

mgyoe.com


ကိုလက်ထပ်မှ အစ်ကိုလေးလက်ထဲ လွှဲပေးမယ်တဲ့..."

ကိုဘခင်စကားမဆုံးမီ နေ့လယ်က ရုံးသို့ ကိုကိုကြီးလိုက်လာပြီး နားချပုံကို ကိုကိုလေးပြန်သတိရလိုက်သည်။ ပစ္စည်းမက်မောမှုမရှိသော ညီငယ်၏လက်ဝယ်ရောက်လျှင် ညီအစ်ကိုချင်းဖြစ်၍ စိတ်ထင်ရာလုပ်နိုင်မည်ဟု တွက်ကိန်းချပြီးပြောသော အစ်ကို၏သဘောကို ယခုမှ ကိုကိုလေး အဓိပ္ပာယ်နားလည်တော့၏။

"နေပါဦးကိုဘခင်၊ အစ်ကိုကြီးသတင်းဆိုတာက ဘာလဲဗျ" ပစ္စည်းစကား၊ သန်းစကားကို မကြားလိုသော ကိုကိုလေးက လိုရင်းကိုမေးလိုက်၏။

"ဟုတ်ကဲ့ပြောပါမယ် အစ်ကိုလေး၊ အဲ...အခုနာမည်ကြီးနေတဲ့ အငြိမ့်မင်းသမီးတစ်ယောက်ကို အစ်ကိုကြီးက မရမကလိုက်နေတယ်လို့ ပြောတယ်..."

"အငြိမ့်မင်းသမီးကဘယ်သူလဲ..."

"မိုးနတ်မယ် ခင်ခင်မြင့်ဆိုတဲ့ အငြိမ့်မင်းသမီးတဲ့၊ ဒီညနေဘယ်မှာဆိုလား ကလိမ့်မယ်ပြောတယ်..."

ကိုဘခင်က သတင်းပေးသော်လည်း ကိုကိုလေးက တစ်စုံတစ်ရာမှဆက်လက် မေးမြန်းခြင်းမပြုတော့ချေ။ ဤလူစုတွေကို သူပြုပြင်၍လည်း ရမည်မဟုတ်သည်ကို သိပြီးဖြစ်၍ လျစ်လျူရှုရန်သာရှိသည်။ ဒေါ်ခင်ကြီး မကျန်းမာသည့် သတင်းအတွက်ကား စိတ်မကောင်းဖြစ်မိ၏။ စိတ်သဘောချင်း မတိုက်ဆိုင်စေကာမူ သူ့ထမင်းစားခဲ့ဖူးသည့် ကျေးဇူးကားရှိသည်။ ဒေါ်ခင်ကြီးထံ သွားရောက်ကြည့်ရှုပြုစုရန် စိတ်ကို ဆုံးဖြတ်လိုက်၏။ ထိုအခိုက် ကိုဘခင်ဇနီးမလှအေး အခန်းထဲသို့ဝင်လာသည်။

"ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက် အစ်ကိုလေးတွေ့ချင်လို့တဲ့"

mgyoe.com

mgyoe.com



ကိုကိုလေးသည် ကပျာကသီ ဧည့်ခန်းသို့ထွက်လာခဲ့သည်။

"ဟော့–ဖိုးကိုလေး၊ အခန်းအောင်းပြီး ဘာတွေစိတ်ကူးယဉ်နေသလဲ..."

ကိုကိုလေးနှင့် ခင်မင်လှသော ကျောင်းနေဖက် သူငယ်ချင်း ဝတ်လုံတော်ရ ကိုတင်ဖေက မေးလိုက်၏။

"ဟာ...ကိုတင်ဖေပါကလား၊ ခင်ဗျားနဲ့ မတွေ့တာတောင် တစ်ပတ်လောက်ရှိသွားပြီ၊ ဘာကိစ္စလဲဗျ..."

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး သူငယ်ချင်း၊ ဒီနေ့ညနေ နိုင်ငံခြား ဧည့်သည်တော်တွေ ဧည့်ခံပွဲတက်ဖို့ လာအဖော်ညှိတာပဲ၊ ခင်ဗျားတော့ ဖိတ်ထားတယ် မဟုတ်လား"

"ဖိတ်စာတော့ရတယ်လေ၊ ဒါပေမဲ့ ကျွန်တော်ကသွားလိုတဲ့ အာသီသတော့ မရှိလှဘူး ကိုတင်ဖေရာ"

ကိုကိုလေးက စိတ်မပါသကဲ့သို့ပြောပြီး ကုလားထိုင်ပေါ် ထိုင်လိုက်၏။

"ဖိုးကိုလေးကလည်း အခန်းအောင်းပြီး စိတ်ကူးနေတဲ့ စိတ်ကူးယဉ်သမားတစ်ယောက်ပဲ၊ အရင်ကပွဲတွေလည်း ခင်ဗျားလာတာ မတွေ့ခဲ့ဘူး၊ အခုတော့ လိုက်ဖြစ်အောင် လိုက်စေချင်တယ်ဗျာ"

"ဘာကြောင့် ကိုတင်ဖေ၊ ဆိုစမ်းပါဦး"

"ဟဲ–ဟဲ–ဟဲ–ဟဲ ဓာတ်တွေ အငြိမ့်တွေ ဘယ်အခါမှမကြည့်တဲ့ လူရိုးကြီး ဖိုးကိုလေးကို ရှာန်လျှောသွားအောင် အငြိမ့်မင်းသမီး ပြမလို့ဗျ..."

ကိုတင်ဖေက ရယ်သွမ်းသွေး ပြောလိုက်၏။ ကိုကိုလေးက နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ ဒီဧည့်ခံပွဲမှာ ကပြဖျော်ဖြေမည်ဆိုတဲ့ အငြိမ့်မင်းသမီး

mgyoe.com

mgyoe.com


မိုးနတ်မယ် ခင်ခင်မြင့်ကို ပြမှာလား"

"ဒါပေါ့ သူငယ်ချင်းရ၊ ဒီနှစ်ထဲမှာ အသစ်ထောင်ထားတဲ့အငြိမ့်၊ တစ်ရှိန်ထိုး နာမည်တက်နေလို့ သတင်းစာထဲမှာ ဟိုးဟိုးကျော်နေအောင် နာမည်ကြီးနေတဲ့ မင်းသမီးလေ။ ဧည့်ခံပွဲ၊ ဂုဏ်ပြုပွဲ၊ နှုတ်ဆက်ပွဲ၊ မင်္ဂလာပွဲတွေမှာ မိုးနတ်မယ် ခင်ခင်မြင့်မပါရင် ပွဲမစည်သလောက်ကို ဖြစ်နေတာပဲ"

ကိုကိုလေးက ဦးခေါင်းကို ယမ်းခါလိုက်သည်။

"ကျွန်တော် ဝါသနာမပါဘူးခင်ဗျာ"

"နေပါဦးဖိုးကိုလေးရ၊ ဇာတ်တွေ အငြိမ့်တွေကို ဘာကြောင့်များ ဒါလောက်ရှောင်နေတာလဲ၊ ဘုရားလှူထားလို့လား"

"ဘုရားလှူထားတာတော့ မဟုတ်ဘူး။ နားနဲ့ မျက်စိနဲ့မတည့်လို့ပဲ"

"ဟောဗျ...အဆန်းပါ့ကလား၊ လင်းစမ်းပါဦး ကိုယ်တော်လေးရဲ့"

ကိုတင်ဖေက အံ့သြစွာမေးလိုက်၏။

"ဟာဗျာ...စိတ်ပျက်စရာတွေပါ၊ ဇာတ်တွေကလည်း ကိုယ်ပိုင်ဟန် အမူအရာနဲ့ပဲ လူစွဲအောင် သရုပ်မဆောင်ဘူး၊ မလိုအပ်တဲ့အခန်းတွေမှာ ကျော်မကောင်းကြားမကောင်း အော်ဟစ်ငိုနေကြတာပဲ၊ ခင်ဗျားလည်း ကြည့်ဖူးကြားဖူးမှာပေါ့။ ဗုဒ္ဓဝင်ဇာတ်ပြတာ မယ်တော်မာယာ ဘုရားအလောင်းတော်ဖွားဖို့ ဒေဝဒဟပြည်ပြန်တဲ့အခန်းမှာ ဘယ်ကျမ်းဂန်ထဲမှာ သုဒ္ဓေါဒနမင်းကြီးငိုတယ်လို့ တွေ့ဖူးသလဲဗျာ၊ မယားမီးဖွားဖို့ပြန်တာ ရှင်ဘုရင် ရင့်မကြီးတန်မဲ့ အော်ကြီးဟစ်ကျယ် ထငိုနေတာတွေပြတော့ သုဒ္ဓေါဒနမင်းကြီးဟာ မယားတရူးရာ မကျပေဘူးလား၊ ပေါမသွားပေဘူးလား..."

"ဟား–ဟား–ဟား" ကိုတင်ဖေက အားပါးရစွာရယ်လိုက်ပြီးမှ "အင်း–ခင်ဗျားပြောတာ ဟုတ်ဟုတ်ပဲဗျို့" ဟုထောက်ခံလိုက်၏။ ကိုကို

mgyoe.com

mgyoe.com


လေးက စကားဆက်လိုက်ပြန်သည်။

"နောက်ပြီးတော့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား နိမိတ်ကြီးလေးပါးမြင်တော့ အလိုလိုသံဝေဂရပြီး ထီးနန်းစည်းစိမ်သားမယားအခြွေအရံတွေကို စက်ဆုပ်ရွံရှာတော်မူလို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အားထုတ်မယ်လို့ စိတ်ပိုင်းဖြတ်ပြီး ထွက်သွားတာပဲ၊ ဘယ်မှာငိုတဲ့ အခန်းပါလို့လည်း အခုတော့မဟုတ်ပေါင်ဗျာ၊ ဘုရားအလောင်းတော်ကို နှိပ်စက်ရိုက်နှက်ပြီးနှင်လို့ တောမထွက်ချင်ဘဲ ထွက်ရတဲ့အတိုင်း ဇာတ်တွေကငိုချင်းအမျိုးမျိုးနဲ့ ငိုပြနေတော့ ကျွန်တော်တို့မြတ်စွာဘုရားဟာ ပျော့ညံ့ရာ၊ စိတ်မခိုင်ရာ ကျနေတာပေါ့။ အဲဒီလိုမျိုး အူလှိုက်သည်းလှိုက် ငိုပြနေတော့ ကျွန်တော့်မိတ်ဆွေ ကုလားလူမျိုးတစ်ယောက်က မေးဖူးတယ်၊ ကျွန်တော်ရှက်တောင် ရှက်သေး..."

ကိုကိုလေးက စကားဖြတ်ပြီး စီးကရက်တစ်လိပ် မီးညှိလိုက်၏။

"ဘယ်လိုမေးလို့လဲဗျ" ကိုတင်ဖေက စကားပြတ်သွားသဖြင့် အားမလိုအားမရ မေးလိုက်၏။

"ခင်ဗျားတို့ ဘုရားကလည်းဗျာတဲ့၊ စိတ်မချမ်းသာစရာကောင်းလိုက်တာ၊ ဘာကြောင့် ဒီလောက်ငိုနေရတာလဲတဲ့၊ ကဲ–ကောင်းသေးလား ကိုတင်ဖေရာ ဇာတ်တွေလုပ်ပုံ။ ဗုဒ္ဓဝင်တစ်ခုတည်း မဟုတ်ဘူး အခြားနိပါတ်တော်လာ ဇာတ်တွေပြတာလည်း ဒီအတိုင်းပဲ၊ မလိုလားအပ်တဲ့ ငိုချင်းပေါင်း မြောက်မြားစွာနဲ့ပေါ့ဗျာ..."

ကိုကိုလေးက စကားဖြတ်ပြီး စီးကရက်ကို အားရပါးရရှိုက်လိုက်သည်။

"ခင်ဗျားမိတ်ဆွေ ကုလားကမေးတော့ ဘယ်လိုဖြေလိုက်လဲ"ဟု ကိုတင်ဖေက သိလိုစိတ်ဖြင့် မေးလိုက်၏။

"ခက်တာက အလကားပါ ဇာတ်သဘင်သည်တွေ မဟုတ်တာ

mgyoe.com

mgyoe.com


လုပ်ပြ ငိုပြနေတယ်လို့ဖြေရှင်းလိုက်ရင် ကိုယ့်အနုပညာသည်တွေကို မစင်နဲ့ပက်သလို ဖြစ်သွားမှာပေါ့၊ ဟုတ်ပါတယ်ဆိုရင် ကျွန်တော်တို့ဘုရား ဘာဖြစ်သွားမလဲ။ အဲဒီတော့ ကျွန်တော်ကနှစ်ဖက်စွန်း လွတ်အောင် ဖြေလိုက်ရတယ်လေ၊ ခင်ဗျားမြန်မာစာတတ်သားပဲ–ကျွန်တော်တို့ဘုရား အကြောင်းသိချင်ရင် ဟောဒီစာအုပ်ဖတ်ပါလို့ ဗုဒ္ဓဝင်စာအုပ် တစ်အုပ် ဝယ်ပြီး လက်ဆောင်ပေးလိုက်ရတယ်ဗျာ…"

"ဟား–ဟား…ဟား…ဟား…ခင်ဗျား ဖြေပုံယဉ်တယ်ဗျို့။ ကျုပ်သာ ဆိုရင် ဘာတွေဖြေမိမယ်မသိဘူး။ ကဲအငြိမ့်ကို မုန်းတီးတာကရောဗျာ"

ကိုတင်ဖေက လှိုက်လှိုက်လှဲလှဲ ရယ်ရင်း မေးလိုက်၏။

"အို–အငြိမ့်တော့…တချို့မင်းသမီးတွေကတော့ ရှေးအက ကလေးနဲ့ ထွက်လာတဲ့ မင်းသမီးတော့ရှိပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကျ တော့ အားလုံးပါပဲ လူရွှင်တော်တွေက သားပြောမယားပြော ပြောကြ၊ မင်းသမီးတွေကလည်း ကျွန်မချစ်သူက စစ်ဗိုလ်ရှင့်၊ ကျွန်မရည်းစားက ကောလိပ်ကျောင်းသားရှင့်၊ ကျွန်မချစ်သူ ရှာပေးရှင့်ဆိုတဲ့ အပ်ကြောင်း ထပ်နေတဲ့ အပြောမျိုးနဲ့ လင်မျှော် ရည်းစားမျှော် သီချင်းဆိုရင်ဆို၊ မဆိုရင် ကိုယ်ပိုင်မဟုတ်ဘဲ ဓာတ်ပြားထဲက အချစ်သီချင်းတွေပဲ ဆိုနေကြတော့ သီချင်းကလည်း အနှစ်သာရမပါ။ ကတာကလည်း ဗမာ့ရှေးရိုးအကကို သရုပ်ဖျက် ကကြတာတွေသာ များနေတော့ ကြည့်ချင်စရာလည်း မကောင်းဘူး…"

ကိုကိုလေးက စကားကိုရပ်ဆိုင်းလိုက်ပြီး စားပွဲတင်နာရီကို လှမ်း ကြည့်လိုက်သည်။

"ခြောက်နာရီခွဲတော့မယ် ကိုတင်ဖေ၊ ခင်ဗျားသွားမှာဖြင့် သွား တော့၊ နောက်ကျနေလိမ့်မယ်" ဟုပြောလိုက်၏။

"ခင်ဗျားပါလိုက်ခဲ့လေဗျာ"ကိုတင်ဖေက ခေါ်လိုက်၏။

mgyoe.com

mgyoe.com



"မလိုက်ချင်ဘူး"ဟု ကိုကိုလေးက တိုးတိုးပင်ဖြေလိုက်သည်။

"တယ်ခက်တဲ့လူပဲလား၊ ခင်ဗျားမလိုက်ရင် ကျွန်တော်ဒီနေ့ည အိမ်မပြန်တော့ဘူးဗျာ၊ မာတင်္ဂထိုး နှလုံးပြုတော့မယ်"

ကိုတင်ဖေ မရမက နားပူနားဆာပြုခေါ်နေသဖြင့် ကိုကိုလေးသည် ငြင်းပယ်ရန် အားနာလာသည်။ လိုက်ပါတော့မည်ဟု အလျှော့ပေးလိုက်ရလေတော့၏။

* * *

"သပြေပြပင်ဝန်း၊ မြရောင်ထွန်းတဲ့၊ တောင်ကျွန်းဒီပါ၊ မြန်မြေချာမှာ၊ မင်္ဂလာ ကျက်သရေ၊ တင့်ဖြိုးစေလို့၊ မေတ္တာ ရေအေး၊ ဖျန်းပက်ပေးမယ့်၊ ညီမလေး မိုးနတ်မယ် လာချိန်တန်ပြီ ထင်ပေါ့ကိုသံခဲရေ"အောင်မြင်သော အသံဝါဖြင့် လူရွှင်တော်တစ်ယောက်က ပြတ်ပြတ်သားသား အသံမြှင့်ပြီး ပြောလိုက်လျှင် ဧည့်ခံပွဲတွင် ရှိသမျှသော ပရိသတ်အားလုံးသည် မင်းသမီးက,ပြရန်သတ်မှတ်ထားသော နေရာသို့ တညီတညာတည်း အာရုံစိုက်လိုက်ကြသည်။ မသဲမကွဲ ဆူညံရယ်မောသံတို့မှာ တိတ်သွားလေသည်။ ကိုကိုလေးသည် စိတ်ဝင်စားမှုကင်းမဲ့နေရာမှ လူရွှင်တော်၏ ပြောဆိုဟန်ကို အမှတ်မထင် ဂရုစိုက်လိုက်မိ၏။ ယခင်က သူကြည့်ဖူးသမျှ အငြိမ့်များတွင် လူရွှင်တော်က မင်းသမီးအား ခေါ်ထုတ်ဟန်များမှာ များသောအားဖြင့် ပေါ့ပြက်ပြက်စကားလုံးများသာ ဖြစ်သည်။ ယခု လူရွှင်တော်၏ ခေါ်ဟန်မှာ များစွာခံ့ညားလှသည့်အပြင် အငြိမ့်မင်းသမီးအား ညီမလေးဟု ခင်မင်ကြင်နာစွာ ခေါ်ဆိုသုံးနှုန်းမှုမျိုး မကြားခဲ့ရဖူးချေ။ ထို့ကြောင့် ကိုကိုလေး၏စိတ်တွင် အနည်းငယ်ထူးခြားသည်ဟု ယူဆ၍ အာရုံစိုက်လိုက်မိ၏။

"အချိန်တန်ပြီ ကိုငွေခဲရေ၊ နရီတော်အခါကျပေါ့၊ မြတ်ဗုဒ္ဓသာ

mgyoe.com

mgyoe.com


သနာ ထွန်းထိန်လို့ဖြာတဲ့ တို့မြန်မာရွှေပြည်မှာ ပဟိုရ်ရိစည်အသံ ဟိန်းစဉ်က တိုင်းပြည်လုံး အေးငြိမ်းခဲ့တဲ့ အောင်ကိန်းအရ တေးသံသာနဲ့ ညီမလေး မိုးနတ်မယ် လာပြီလေ"

လူရွှင်တော် အသံဆုံးလျှင် ဆိုင်းကငြိမ့်ညောင်းသာယာစွာ တီးလိုက်လေသည်။

"မြန်သပြေညာ၊ ကျွန်းဒီပါ၊ ချီးအုံ့ဖွယ်၊ ပြည်သီဝံ နန်းညွန့်မှန်းရွှယ်ကာ ၊ များဗိုလ်ပါ လိုရာပန်ဆုတောင်း၊ ငြိမ့်ညောင်းငယ်သံဝါညံစာ၊ နေသီဝံ ကုန်းဘောင်နွယ်လာ ညွတ်ပြောင်းစေရာ ပိုင်စိုးမိုးမြေချာ"

ဘုန်းတော်ဘွဲ့ ယိုးဒယားကို အေးမြကြည်လင်စွာသော အသံဖြင့် ပိုင်ပိုင်နိုင်နိုင် သီဆိုရင်း၊ ရှေးဗမာ့ရိုးရာနန်းတွင်း အကစစ်စစ်ဖြင့် ငြိမ့်ညောင်းညက်ညောစွာကရင်း မိုးနတ်မယ်ခင်ခင်မြင့် ထွက်လာသောအခါ ဧည့်ခံပွဲသို့ ကြွလာသမျှ မင်းပရိသတ်ကြီးသည် ငြိမ်ကျသွားလေသည်။

ကိုကိုလေးသည် မျက်လုံးကိုလက်နှင့်ပွတ်ပြီး သေချာစူးစိုက်စွာ ကြည့်လိုက်မိ၏။ "ဟုတ်နိုင်ပါ့မလား၊ တူတော့တူတာပဲ၊ မတွေ့မြင်ရသည်မှာ သုံးနှစ်သုံးမိုး ကြာခဲ့ပြီဖြစ်လို့ ငါ့များစိတ်မှားနေသလား" ဟုရင်ဖိုစွာတွေးလိုက်မိ၏။ ကျွန်မလေးမိဇာ၏ အသံကို ဦးနှောက်ထဲမှာ ရှာလိုက်မိသည်။ ရှာသော်လည်းအချည်းနှီးပင်၊ သော်ကမြိုင်ဂေဟာမှာ အကောင်းစင်စစ်ကဆွဲ့အနေရှာသော မိဇာ၏အသံကိုမည်သည့်အခါမှ ကိုကိုလေး မကြားခဲ့ရဖူးချေ။ "မသူဇာပဲ ထင်ပါရဲ့"ဟူသော အတွေးဖြင့် ကိုကိုလေးသည် မိုးနတ်မယ် ခင်ခင်မြင့်က နေသည်ကို တွေဝေစွာ ငေးမော ကြည့်ရှုနေလေသည်။ မိမိပေါင်ကို တစ်စုံတစ်ယောက်က ဆိတ်လိုက်သဖြင့် မျက်ခနဲဖြစ်သွားကာမှ ကိုကိုလေးသည် သတိဝင်လာသလို ဆေးမှုကပ်ပြီး ထိုင်နေသူ ကိုတင်ဖေအား လှည့်ကြည့်လိုက်မိ၏။

"ဘယ်လိုဖြစ်နေတာလဲ ဖိုးကိုလေး...၊ ကျွန်တော်တော့ အရူးအမဲ

mgyoe.com

mgyoe.com


သားကျွေးမိနေပြီထင်တယ်”

ကိုကိုလေး၏ မျက်နှာကိုစေ့စေ့ကြည့်ရင်း ကိုတင်ဖေကအနိုင်ရသော မျက်နှာဖြင့် တိုးတိတ်စွာပြောလိုက်၏။ ကိုကိုလေးက ဘာမျှမပြောချေ။ မိုးနတ်မယ်အား လှည့်ကြည့်လိုက်ပြန်၏။

“မိုးနတ်မယ်ဆိုတဲ့နာမည်နဲ့ လိုက်အောင်ချောလို့လည်း ပရိသတ်က စွဲတာပေါ့ ဖိုးကိုလေးရ...၊ ခင်ဗျားစကားတောင် မပြောနိုင်တော့ဘူး မဟုတ်လား”

ကိုတင်ဖေက ဆွပေးလိုက်မှ ကိုကိုလေးက စကားပြန်ပြောသည်။

“ကျွန်တော် စကားမပြောနိုင်အောင် ဖြစ်နေတာက အငြိမ့်မင်းသမီးကိုငမ်းနေလို့မဟုတ်ဘူး ကိုတင်ဖေ၊ အကြောင်းရှိလို့ စကားမပြောနိုင်အောင်ဖြစ်ပြီး ကြည့်နေတာ...”

“ဘာအကြောင်းလဲဗျ–ဟင်၊ အရင်က မိုးနတ်မယ်ကိုခင်ဗျား သိဖူးသလား” ကိုတင်ဖေက စိတ်အားထက်သန်စွာ မေးလိုက်၏။

“နေဦးလေ ကိုတင်ဖေက နောက်မှဖြည်းဖြည်းပြောတာပေါ့”

“သဘောပါပဲဗျာ၊ ကဲ...ကဲ...မိုးနတ်မယ်ကလေးကို ဆက်ကြည့်လိုက်ပါဦး...”

ဘုန်းတော်ဘွဲ့ ယိုးဒယားနှင့် ပွဲဦးထွက်အက ပြီးသွားသောအခါ မိုးနတ်မယ်သည် အခြားအငြိမ့်မင်းသမီးများကဲ့သို့ ပရိသတ်ကို နောက်ခိုင်းထိုင်ခြင်း၊ လူရွှင်တော်များက ခေါ်လိုက်မှထလာပြီး အချစ်ငန်းဖမ်းသောသီချင်း၊ ချစ်သူမျှော်သီချင်းကို သီဆိုခြင်းများကို မပြုချေ။ ပရိသတ်ဘက်လှည့်ကာ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လိုက်၏။ ပဒုမ္မာကြာဖူးကဲ့သို့ သောပုံသဏ္ဍာန်ဖြင့် လက်အုပ်ချီကာ ပရိသတ်အား ကန်တော့လိုက်၏။

“အော်...သီတာရဲ့ဝန်း လေးကျွန်းအလယ်ဗဟို ရွှေမြင်းမိုရ်တောင်မက ကျေးဇူးကြီးမားလှတဲ့ မွေးမိဘအရင်းအချာ ကင်းမဲ့ရှာတဲ့ ညီမလေး

mgyoe.com

မိုးနတ်မယ်မှာ ပရိယေသန ဝမ်းစာအတွက် ရွှေပွဲလာပရိသတ်ကို ကျေး မိဘအမှတ်နဲ့ ကန်တော့ရှာတာ ကြင်နာစရာ ကောင်းလိုက်ပါဘိ ကိုငွေခဲ ရေ–နော်…"

"ဟုတ်တာပေါ့ ကိုသံခဲရာ…၊ ခင်ဗျားတို့ကျုပ်တို့ ညီမလေးမိုးနတ် မယ်ခမျာ ရွှေပွဲလာပရိသတ်ကို ဖြေဖျော်တိုင်း သူ့ခမျာချစ်သူမရှာနိုင် အားပေဘူး။ မြန်မာ့အနုပညာကို မြှင့်တင်လိုတဲ့စေတနာနဲ့ မြန်မာ့ရိုးရာအက တွေစုံအောင် ကပြပြီးဆိုရင် ဘယ်ရပ်ဌာနေ စံနေမှန်းမသိရတဲ့ သူ့မိဘကို သာ ရှာတော့တာပဲ။ ကဲ…ကဲ အချိန်နှောင်းနေရှာမယ် ပျော့ပျောင်းတဲ့ ဟန်မူရာနဲ့ ကိန္နရာပြည်တော်ပြန်ပါဦး ညီမလေးရေ…"

လူရွှင်တော်နှစ်ယောက် အချီအချပြော၍ဆုံးလျှင် မိုးနတ်မယ် ခင်ခင်မြင့်သည် ချစ်စဖွယ်ဟန်အမူအရာဖြင့် သိမ်မွေ့စွာမတ်တတ်ရပ် လိုက်သည်။ မိုးနတ်မယ်၏နှုတ်မှ ချိုအေးသာယာသော တေးသံသည် ကြည်လင်စွာ ထွက်ပေါ်လာလေသည်။

"ထိန်ဝါ–တိမ်ပြာ–မိလ္လာယုက်သန်း"ဟုအစချီထားသော ကောင်း ကင်ကြိုး သီချင်းကိုသီဆို၍ကိန္နရာပြည်တော်ပြန်အကကို ကနေသော မိုးနတ်မယ်မှ အကယ်ပင် ကိန္နရီမလေးဟန်ဖြင့် အာကာယံတိမ်လွှာထဲ သို့ ပျံဝဲတော့မည်သို့ နွဲ့ပျောင်းပိုင်နိုင်လှပါပေသည်။ မိုးနတ်မယ်သည် ပေါ့ပြက်သောစကားဟူ၍ တစ်ခွန်းမျှမပြော၊ လူရွှင်တော်များကလည်း မိုးနတ်မယ်အား မလေးစားမရိုသေသော နောက်ပြောင်မှုများ လုံးဝမပြော ပေ။ မိုးနတ်မယ်ကကြိုးတစ်ခုပြီးလျှင် အမောပြေစေဟူသော အဓိပ္ပာယ် ဖြင့် ပရိသတ်လည်း ငြီးငွေ့ခြင်းမဖြစ်ရအောင် ယဥ်ကျေးသော စကားများ ဖြင့် လူရွှင်တော်များက ဖျော်ဖြေကြ၏။ မိုးနတ်မယ်သည် ယိုးဒယား ဆယ့်နှစ်ခန်းနှင့်တကွ ဗမာ့ရိုးရာအကများကို သူ့အကနှင့်သူ သင့်လျော် သော သီချင်းများဆိုကာ မြန်မာအနုပညာကို ပြောင်မြောက်စွာ သရုပ်ဖော်

mgyoe.com

mgyoe.com


ပြီး၍ စခန်းသိမ်းချိန်နီးသောအခါ ရွှေပွဲလာပရိသတ်အား ဤသို့နှုတ်ဆက်ခဲ့ရှာသည်။

"ဦးသံခဲနဲ့ ဦးငွေခဲတို့ရေ...."

"ရှိပါ့ ညီမလေး မိုးနတ်မယ်ရေ..."

"အော်...မိုးနတ်မယ် ဆည်းပူးခဲ့လို့ တတ်ကျွမ်းသမျှ မြန်မာ့ရိုးရာအနုပညာတွေကို ကပြဖျော်ဖြေခဲ့တာ ရွှေပွဲလာပရိသတ်များ ကျေနပ်ကြလိမ့်မယ်လို့ ယုံကြည်မိပါတယ် ဦးသံခဲနဲ့ဦးငွေခဲရယ်..."

"ဟာ...ဘယ်လိုပြောပါလိမ့်၊ ညီမလေး ကလိုက်တိုင်းသြဘာသံညံမစဲတဲ့အပြင် ဓာတ်ပုံတွေ တသဲသဲရိုက်ယူနေကြတာက ညီမလေးကို ကျေနပ်ကြောင်း သက်သေတွေပေါ့ ညီမလေးရဲ့"

"အခုလို မိုးနတ်မယ်ကို ချီးကျူးမြှောက်စားကြလို့ ကျေးမိဘများအမှတ်နဲ့ ရွှေပွဲလာပရိသတ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တဲ့အပြင် စိတ်ထဲမှာ ဝမ်းသာဝမ်းနည်း ဖြစ်မိပါတယ် ဦးသံခဲရယ်..."

"အလို...ညီမလေးက ဝမ်းသာဝမ်းနည်း ဖြစ်တယ်ဆိုတော့ ရွှေပရိသတ်က စိတ်ထဲမရှင်းမရှင်း ဖြစ်နေလိမ့်မယ်...၊ ဝမ်းသာဝမ်းနည်းရတဲ့အကြောင်းကလေးလည်း ရှင်းဦးမှပေါ့ညီမလေးရဲ့..."

"ဒီလိုပါ ဦးသံခဲရယ်၊ ဝမ်းသာရတဲ့အကြောင်းရင်းကတော့ အဖိုးတန်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးများနဲ့တကွ တစ်ပြည်လုံးကမိုးနတ်မယ်ကို အားပေးပြီးချီးကျူးကြလို့ ဆိုတာသိတော်မူကြပါလိမ့်မယ်...။ ဝမ်းနည်းရတဲ့အကြောင်းရင်းကတော့ ပရိသတ်အလယ် စင်မြင့်ပေါ်မှာ ကြွားဝင့်တင့်တယ်စွာ ရပ်တည်နေနိုင်တဲ့ ဘဝထဲရောက်နေတဲ့ သမီးကလေးကို ဘယ်ရပ်ဌာနေ စံနေမှန်းမသိရတဲ့ မွေးမိဘအရင်းအချာ မြင်လာချင်စေတဲ့စေတနာကြောင့် မိုးနတ်မယ်မှာ ဖြေမရအောင်ဝမ်းနည်းမိပါရဲ့ ဦးသံခဲရယ်"

မိုးနတ်မယ်၏အသံမှာ ဆွေးမြည့်ကြေကွဲ လှိုက်လှဲစွာရှိသဖြင့်

mgyoe.com

mgyoe.com


ပရိသတ်ကြီးမှာ မိုးနတ်မယ်၏ အဆွေးဓာတ်ကူးသွားဘိသို့ ငြိမ်သက်လျက်ရှိ၏။

"ဟုတ်တာပေါ့ ညီမလေးရေ...၊ သေသည်ရှင်သည်မသိရတဲ့ မိဘနှစ်ပါးအတွက် ညီမလေးဆွေးမယ်ဆိုတာ ဆွေးထိုက်ပါတယ်ကွယ်။ ကဲ...ဟောဒီရွှေပွဲလာပရိသတ်ထဲမှာ ညီမလေးရဲ့ မိဘများပါလိုပါငြား စိတ်အားတော်ယုံယုံနဲ့ ရှာပုံတော်ဖွင့်ပြီး နားခွင့်ယူလိုက်ပါဦး ညီမလေး ရေ..."

ဆိုင်းကချီလိုက်လျှင်...

"မြန်နယ်မြေဇမ္ဗူ–ဖွေရှာသူမောပါပေါ့မေမေ–၊ ဘယ်ရပ်ဌာနေ စံလေသည့်မှန်း၊ သမီးရည်ရော်လွမ်းမိပါပေါ့..."

အစချီသော မိဘပျောက်ရှာပုံသီချင်းကို ဆွေးမြည့်ကြေကွဲစွာ လှိုက်လှိုက်လှဲလှဲသီဆိုရင်း တွေ့နိုးနိုးဖြင့် မျှော်ကိုးထင်ရောင် တောင်မြောက် ဘယ်ဝဲယ်တလည်လည် ယောင်ယမ်းရှာဖွေဟန်အကဖြင့် စခန်းချဝင်သွားသော မိုးနတ်မယ်အား ပရိသတ်ကြီးသည် မျက်တောင်မခတ် ငေးမော နေကြလေတော့သည်။

* * *

"ဘယ်လိုလဲ ဖိုးကိုလေး၊ တစ်ချီတည်းစွဲသွားပြီမဟုတ်လား"

ဧည့်သည်တော်များ၏ ကားများသီးသန့်ထားရာသို့ လျှောက်လာကြရင်း ကိုတင်ဖေက မေးလိုက်၏။

"ခက်လိုက်တာဗျာ–ကျွန်တော်ပြောခဲ့ပြီးကော၊ မင်းသမီးကိုငမ်းနေတာမဟုတ်ဘူး၊ အကြောင်းရှိလို့ပါလို့..."

စိတ်ထဲတွင် ဇဝေဇဝါဖြင့် စဉ်းစားခန်းဖွင့်လာသော ကိုကိုလေးက ဖြည်းလေးစွာ ပြောလိုက်၏။

mgyoe.com

mgyoe.com


"ခင်ဗျားအကြောင်းက ဘာလဲဗျ၊ မိုးနတ်မယ်က ခင်ဗျားအဆက် ဟောင်းလား၊ ကူညီသင့်လည်းကူညီရအောင် ပြောပြမှပေါ့ဗျ..."

ကိုတင်ဖေက ပျော်တတ်သူပီပီ ပြောင်ချော်ချော် ပြောလိုက်၏။

"အဆက်ဟောင်း မဟုတ်ပါဘူးဗျာ ၊ တစ်ဖက်သားဂုဏ်သိက္ခာ ပျက်အောင် မပြောစမ်းပါနဲ့၊ ခင်ဗျားက ကူညီချင်တယ်ဆိုရင် ကျွန်တော် သိချင်တာတစ်ခုပြော..."

"ဟာ...ဆိုစမ်းဖိုးကိုလေး" ကိုတင်ဖေကဤဘက်၌ ဝါသနာပါသူ ပီပီ ရက်ရောသောစေတနာဖြင့် မေးလိုက်၏။

"ဒီအငြိမ့်မင်းသမီး ဘယ်မှာနေသလဲ..."

"အို...ဒါတော့ ကျုပ်ဘယ်သိမလဲဗျ၊ စုံစမ်းပေးမယ်..."

"ဒါတော့ခင်ဗျားမှ စုံစမ်းတဲ့အတွက် တတ်တာမဟုတ်ဘူး၊ ကျွန် တော်လည်း စုံစမ်းတတ်တာပဲ။"

ကိုကိုလေးက စိတ်တိုစွာပြောလိုက်၏။

"ဟဲ–ဟဲ–ဟဲ–ဟဲ ကျွဲမြီးတိုရန်ကော ဖိုးကိုလေးရာ။ ညှော်ခံပွဲမှာ ကြီးကြပ်စီမံနေတဲ့ ကြီးကြီးလူကို ကျွန်တော်ခင်ပါတယ်ဗျာ။ ကျုပ်စုံစမ်း တော့ ခင်ဗျားဌာနေ့မပျက် မြန်မြန်သိရတယ် မဟုတ်လား..."

ကိုတင်ဖေက ကလေးဆိုးကြီးလို ကိုကိုလေးအား သဘောထားပြီး ရယ်သွမ်းသွေးပြောလိုက်၏။ ထိုအခါကိုကိုလေးက သဘောကောင်း လှသော သူငယ်ချင်းအား သူစိတ်တိုမိသည်ကို ဝမ်းနည်းသွားလေသည်။

"ကျွန်တော်စိတ်တိုမိတာ ခွင့်လွှတ်ပါဗျာ။ ကျွန်တော်သိလိုတာကို စုံစမ်းပေးမယ်ဆိုလို့ ကျေးဇူးတင်ပါတယ်။ နောက်ပြီးကျွန်တော်တစ်ခု တောင်းပန်ပါရစေ..."

"ဘာလဲ မိုးနတ်မယ်နဲ့ ဆက်ပေးဖို့လား..."

ကိုတင်ဖေက ဝါသနာအတိုင်း ကျီစားလိုက်ပြန်၏။

mgyoe.com

mgyoe.com


"အော်...ခက်တဲ့လူပဲ၊ ကျွန်တော်စိတ်တိုတော့ ခင်ဗျားကတိုတယ် ပြောတယ်၊ စကားကောင်းကောင်း ပြောပါရစေဗျာ–"

"ကဲ–ကဲ– ပြောတော်မူပါ၊ ကျွန်တော် မကျိစားတော့ပါဘူး..."

ကိုကိုလေး၏ အဓိပ္ပာယ်ပါသော မျက်နှာကြောင့် ကိုတင်ဖေက လည်း စကားမဖြတ် မပြောင်းဘဲ ကောင်းစွာပင် နားထောင်လိုက်၏။

"ကျွန်တော်နဲ့ မိုးနတ်မယ်ကို ခင်ဗျားမဟုတ်တာတွေ မပြောပါနဲ့ ဗျာ။ ကောင်မလေး ဂုဏ်သိက္ခာထိခိုက်နေပါမယ်။ ဒီမင်းသမီးကို ကျွန် တော်ထင်နေတဲ့ ကောင်မလေးသာ အမှန်ဖြစ်ရင် အင်မတန် အကျင့် သိက္ခာ တည်ကြည်ခဲ့တဲ့၊ သနားစရာကောင်းတဲ့ ကောင်မလေးတစ် ယောက်ပါပဲ...."

"အေးပါဗျာ ကျွန်တော်လည်း အကဲခတ်မိပါတယ်။ ခင်ဗျားက ရှာနေရတဲ့ ရသေ့ကြီးလိုနေတဲ့လူဖြစ်လို့ သက်သက်ကျွန်တော်ကျီစားတာ။ ဒီမင်းသမီး ဘယ်မှာနေတယ်ဆိုတာ စုံစမ်းပေးမယ်။ ခင်ဗျားသွားတွေ့ရင် ကျွန်တော့်ကိုလည်း နောက်ကြောင်းရာဇဝင် အစီရင်ခံရမယ်နော်..."

"ကောင်းပါပြီဗျာ၊ အမိန့်တော်မြတ် အတိုင်းပါဘဲ။ ကဲ...ဆယ့် တစ်နာရီထိုးတော့မယ်၊ အိပ်ချင်ပြီ ကားကိုသွက်သွက် ကလေးမောင်း မှပဲ..."

ရုံးခန်းထဲတွင် ကိုကိုလေးသည် အလုပ်ကိုဖြောင့်ဖြောင့်မလုပ်နိုင် ရှာပေ။ ကိုတင်ဖေထံမှ ဆက်ခေါ်မည့် တယ်လီဖုန်းမည်သံကိုသာ နားစွင့် နေမိသည်။ မိုးနတ်မယ်အငြိမ့်ကို ကြည့်ခဲ့ရပြီးနောက် သုံးရက်မျှသော အချိန်အတွင်း ကိုတင်ဖေထံမှ ဘာသတင်းမှမကြားရ၊ လူချင်းလည်း မတွေ့ရ၊ ကိုယ်တိုင်သူငယ်ချင်းထံ သွားမေးရန်မှာလည်း ငမ်းလွန်းရာ ကျနေ မည်လောဟု ကိုကိုလေးသည် သူ့ကိုယ်သူစိတ်မလုံဘဲ ဖြစ်နေ သည်။ သို့သော် ယနေ့ သုံးရက်ရှိ၍မှ တယ်လီဖုန်း မဆက်လျှင် ကိုတင်ဖေ

mgyoe.com

mgyoe.com



ပြောလိုရာ ပြောစေ၊ ကိုယ်တိုင်ပင် ကိုတင်ဖေထံ သွားမေးတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိ၏။

ကိုကိုလေးသည် စိတ်တွင်းမှာ မငြိမ်မသက်ဖြစ်နေမိသည်။ မိုးနတ်မယ်သည် အမှန်တကယ်ပင် မသူဇာဖြစ်နေခဲ့သော် ကိုကိုလေးသည် ဒရိုင်ဘာကိုဘခင်၏ သတိပေးချက်အရ အစ်ကိုဖြစ်သူ၏ရန်ကို တားဆီးမည်ဟု စိတ်ကူးလိုက်၏။ သို့သော် မသူဇာမှာ ပိုင်ဆိုင်သူရှိပြီးပါက မိမိတားဆီးရန် လိုအပ်မည်လောဟု စဉ်းစားမိသောအခါ ကိုကိုလေး၏စိတ်တွင် မသူဇာမှာ ပိုင်ဆိုင်သူရှိပြီးဖြစ်မည်ကို စိုးရိမ်သော စိတ်သည် မသိမသာ ပေါ်လာလေသည်။ "အို–ငါဘာတွေတွေး နေမိပါလိမ့်၊ ဒီအငြိမ့် မင်းသမီးက မသူဇာဟုတ်ချင်မှ ဟုတ်မှာ။ လူတူမရှား နာမည်တူမရှား၊ တကယ်လို့ဟုတ်နေပါပြီတဲ့၊ သူ့မှာပိုင်သူရှိနေရင် ငါနဲ့ဘာဆိုင်သလဲ၊ ငါသွားစုံစမ်းလို့ တွေ့လို့ မတော်ဘူးထင်တယ်၊ ဒါပေမဲ့ သူ့အမူအရာက ပိုင်သူမရှိသေးသူနဲ့တူတယ်။ သေသေချာချာ အတိအကျ သိရတာ ကောင်းပါတယ်လေ၊ ဘာပဲဖြစ်ဖြစ် ငါသွားတွေ့မယ်"ကိုကိုလေးသည် စိတ်တွင်းက ချီတုံချတုံတွေးနေမိစဉ် တယ်လီဖုန်းခေါ်သံမြည်လာ လေသည်။ ကိုတင်ဖေထံမှ သတင်းပို့ချက်ပေတကား၊ ရုံးချိန်မြန်မြန် ကုန်ပါစေတော့ဟု စိတ်တွင်းက တောင့်တလိုက်လေသည်။

စမ်းချောင်းရပ်မှ အိမ်တစ်အိမ်၏ရှေ့တွင် ကိုကိုလေးသည် ကားကလေးကို ညင်သာစွာဘရိတ်အုပ်ပြီး ရပ်လိုက်သည်။ ရက်ရွံ့သောအမူအရာကို တတ်ဖွမ်းသရွေ့ ဖုံးကွယ်ကာ အေးအေးမှန်မှန် ခြေလှမ်းဖြင့် အိမ်ပေါ်သို့ တက်သွားသည်။ အလယ်အလတ် အဆင့်အတန်းမျှသော ပစ္စည်းများဖြင့် ကြည့်ပျော်ရှုပျော် ပြင်ဆင်ထားသော ဧည့်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် အသက်လေးဆယ်ကျော်မျှ အရွယ်ရှိသော လူရည်သန့် တစ်ယောက်သည် စာတစ်အုပ်ကို စိတ်ဝင်

mgyoe.com

mgyoe.com


စားစွာ ဖတ်နေသည်။ ကိုကိုလေးရောက်လာသည်ကို သတိမူမိဟန် မတူချေ။

"ဓာတ်ထောင်ဆရာ ဦးအေးခိုင်အိမ် ဟုတ်ပါသလားခင်ဗျာ"

စာဖတ်နေသောလူသည် ကိုကိုလေး၏အသံကိုကြားမှ စာအုပ်တွင်အပ်ထားသော မျက်နှာကိုခွာလိုက်ပြီး ကိုကိုလေးအား လှည့်ကြည့်လိုက်၏။

"ဟုတ်ပါတယ်၊ ထိုင်ပါမောင်ရင်...ဘာကိစ္စရှိပါသလဲ"

ဦးအေးခိုင်သည် ကိုကိုလေး၏ ရုပ်လက္ခဏာနှင့် အိမ်ရှေ့မှာရပ်ထားသော စက်ကိုဒါကားကလေးကို လျင်မြန်စွာ အကဲခတ်ကြည့်လိုက်ပြီး ဖော်ရွေစွာမေးမြန်းကာ နေရာပေးလေသည်။ ကိုကိုလေးသည် ကုလားထိုင် တစ်လုံးတွင် သိမ်မွေ့စွာထိုင်လိုက်ပြီး သိလိုသောအရာကို မေးလိုက်၏။

"အငြိမ့်မင်းသမီး မိုးနတ်မယ် ခင်ခင်မြင့် ဒီအိမ်မှာ တည်းခိုနေတယ် သတင်းကြားလို့ လာခဲ့ပါတယ် ဦးခင်ဗျာ...၊ မိုးနတ်မယ် ရှိပါသလား"

ကိုကိုလေးက ပြောလိုက်လျှင် ဦးအေးခိုင်သည် လာပြန်ပြီစွန်တစ်ကောင် ဟူသောအဓိပ္ပာယ်ဖြင့် ကိုကိုလေးအားကြည့်လိုက်ပြီး...

"ဘာကိစ္စနဲ့ တွေ့ချင်သလဲ မောင်ရင်" ဟု ပေါ့ဆဆမေးလိုက်၏။

"ကျွန်တော် သိချင်စုံစမ်းချင်တဲ့ အကြောင်းကလေး ရှိလို့ပါ"

"မိုးနတ်မယ်နဲ့ အရင်ကသိဖူးလား"

"ကျွန်တော်ထင်တဲ့အတိုင်းမှန်ရင် အရင်က သိဖူးသူပဲဖြစ်ပါလိမ့်မယ်"

ဦးအေးခိုင်သည် ကိုကိုလေး၏အဖြေကို အနည်းငယ်ထူးဆန်းသကဲ့သို့ ထင်လိုက်၏။ ယခင်က မိုးနတ်မယ်အား တွေ့လိုပါသည်ဟု လာသောသူများမှာ ချီးကျူးလို၍၊ မိတ်ဆက်လို၍၊ ဂုဏ်ပြုလိုသောအနေ

mgyoe.com

mgyoe.com



ဖြင့် ဖိတ်ခေါ်ကျွေးမွေးလို၍၊ ရုပ်ရှင်ပြလို၍စသည်ဖြင့် ၎င်းတို့အမြတ်ထုတ် အဆီအသားစုပ်ယူ ဝါးမျိုလိုသော အကြံအစည်ဖြင့် တညီတညွတ် အဓိပ္ပာယ် တစ်မျိုးတစ်စားတည်းပါသော ပိယဝါစာများဖြင့်သာ ဖြေကြားခဲ့ကြသည်။ အမျိုးသမီးတို့ သည်းခြေခိုက်အောင် အကြိုက်ဆောင်သည့် လက်ဆောင်ပဏ္ဏာငါးစာများ အနင့်သားယူလာတတ်ကြသည်။ ထိုကဲ့သို့သော အမျိုးသားများအား မိုးနတ်မယ်က မည်သည့်အခါမှ လက်ခံစကားမပြောလို၍ ဦးအေးခိုင်သည် အဖြေမှန်ကိုမည်သည့်အခါမှမပေး။ မိုးနတ်မယ် အိမ်မှာမရှိ၍ ဝမ်းနည်းပါသည် ဟူသောစကားဖြင့် ယဉ်ယဉ်ကလေး နှင်ခဲ့သည်ချည်းဖြစ်၏။ ယခုကိုကိုလေး၏ မျက်နှာထားမှာ တည်ကြည်သည်၊ ပြောသောစကားကလည်း အနည်းငယ်ထူးသည်၊ လက်ဆောင်ပစ္စည်းဟူ၍လည်း ပါမလာသည်ဖြစ်၍ အနည်းငယ် လေးစားမိသည်။

"ဘယ်လိုနည်းနဲ့ သိဖူးပါသလဲမောင်ရင် ၊ ရိုးရိုးတန်းတန်းပဲလား ...ဦးမေးတာလည်း စိတ်မရှိပါနဲ့နော်"

"မရှိပါဘူးဦးလေးရယ်...၊ ဦးအနေနဲ့မေးရမယ့် ဝတ္တရားဆိုတာ ကျွန်တော်သိပါတယ်။ မိုးနတ်မယ်က ကျွန်တော်ထင်တဲ့ ကလေးမသာ မှန်ရင် သူ့အပေါ်မှာ ကျွန်တော်သန့်ရှင်းတဲ့ စေတနာထားခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူသတိပြုမိချင်မှ ပြုမိမယ်လေ...။ လူကိုယ်တိုင်တွေ့ရရင် ဒီကိစ္စ ရှင်းပါလိမ့်မယ်ထင်တယ်၊ တွေ့ခွင့်ပြုလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်"

ကိုကိုလေး၏ တည်ကြည်သိက္ခာရှိသော စကားကြောင့် ဦးအေးခိုင်မှာ စိတ်မကောင်းဖြစ်သွားမိသည်။ ဤအချိန်တွင် မိုးနတ်မယ်သည် အမှန်တကယ်အိမ်မှာမရှိချေ။

"မောင်ရင့်အမူအရာကို အကဲခတ်ပြီးပြောတဲ့ စကားတွေကိုလည်း ဦးယုံကြည်ပါတယ်။ အဲ...မိုးနတ်မယ်ကတော့ အိမ်မှာမရှိဘူးကွဲ့၊

mgyoe.com

mgyoe.com


သူ့အမေနဲ့ အပြင်ထွက်သွားကြတယ်။ ဘုရားတွေနဲ့အောင် လျှောက်ဖူးမယ်လို့ သွားကြလေရဲ့…၊ ပြန်လာမယ့်အချိန်ကို အတိမကျ မပြောနိုင်ပေဘူး"

" သူ့အမေအရင်းလား ခင်ဗျာ"

မသူဇာမှ ဟုတ်ပါမည်လားဟူသော သံသယဖြင့်ကိုကိုလေးက မေးလိုက်၏။

"အင်း–မောင်ရင့်ကိုတော့ ဦးက လေးစားပါတယ်ကွယ်…၊ ကဲမိုးနတ်မယ်ရဲ့ အဘကိုခေါ်ပေးပါမယ်။ မောင်ရင့်ဘာသာမေးမြန်း စုံစမ်းယူပေတော့"

ဦးအေးခိုင် အိမ်ပေါ်တက်သွားပြီး ခဏကြာလျှင်ကျိုးတိုးကျဲတဲဖြူနေသော ဆံရှည်ကို သျှောင်တစောင်း ထုံးထားသော အသားဖြူဖြူ၊ လူရည်သန့်သန့်၊ အသက်ခြောက်ဆယ်ခန့်မျှ မှန်းရသော အဘိုးကြီးတစ်ယောက်အိမ်ပေါ်ထပ်မှ ညင်သာစွာဆင်းလာပြီး ကိုကိုလေးနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်မှာ ဝင်ထိုင်လိုက်၏။

"အဘသမီးအကြောင်း မောင်ရင်က စုံစမ်းချင်တယ်လို့ မောင်အေးခိုင်ကပြောတယ်၊ ဘာအကြောင်းသိချင်ပါသလဲ…. မောင်ရင်"

အဘိုးကြီးက ဖော်ရွေစွာ ပြောလိုက်၏။

"ကျွန်တော်သိဖူးတဲ့ မိန်းကလေးထင်လို့ပါခင်ဗျာ။ အဘတို့သမီးအရင်းပဲလား"

"အင်း…သမီးအရင်းလို့ ပြောလည်းပြီးတဲ့ကိစ္စပါပဲ၊ ဒါပေမဲ့ မောင်ရင့်ကိုတော့ ဦးကမြင်မြင်ချင်း တည်ကြည်တဲ့လူကလေးပဲလို့ အကဲခတ်မိတော့ မလိမ်ချင်ဘူးကွယ်၊ အဲ…လွန်ခဲ့တဲ့သုံးနှစ်လောက်က အဘတို့ကံအားလျော်စွာ ကောက်ရလိုက်တဲ့ သမီးပါပဲ"

အဘိုးကြီး၏ အဖြေကိုကြားရလျှင် ကိုကိုလေးမျက်နှာမှာ ဟုတ်ပြီ

mgyoe.com

mgyoe.com



ထင်ပါရဲ့ဟူသော အတွေးဖြင့် ဝင်းထိန်သွားတော့လေသည်။

"ဘယ်က ကောက်ရပါသလဲခင်ဗျ"

ကိုကိုလေး၏ အားတက်စွာမေးလိုက်သော လေသံကို အဘိုးကြီးက အကဲခတ်လိုက်မိသည်။ မိုးနတ်မယ်အား စတင်တွေ့ရှိပုံကို အဘိုးကြီးက စီကာပတ်ကုံး ပြောပြနေတော့သည်ကို ကိုကိုလေးသည် ကျွန်မက လေး မိဇာ၏ဖြစ်အင်များကို ရုပ်ရှင်ကြည့်နေရဘိသို့ မျက်စိထဲတွင် ထင်မြင်လာလေသည်။

ဤအိမ်ကြီးမှ လွတ်လျှင်ပြီးရောဟူသော စိတ်တစ်ခုတည်းဖြင့် ဘယ်ဝယ်ဘယ်ဆီ ရည်ရွယ်မှန်းထားချက်မရှိဘဲ ထွက်ပြေးလာခဲ့သော မိဇာသည် ပြည်လမ်းမကြီးတစ်လျှောက် သုတ်ခြေတင်လာခဲ့လေသည်။ မိဇာ၏ ကုသိုလ်ကံကောင်း၍ထင်သည်။ ပြည်လမ်းမကြီးတစ်လျှောက် အသွားအလာရှင်းနေသည်။ မိဇာသည် ခရီးလမ်းကြောင်းပြောင်းရန် လမ်းတစ်ဖက်သို့ ဖြတ်ကူးလိုက်လျှင်ပင် မမျှော်လင့်ဘဲ လျှင်မြန်စွာ မောင်းလာသော အငှားတက္ကစီတစ်စီး၏ ချိတ်ဆွဲလိုက်ခြင်းကြောင့် ဒူးထောက်လျက်ခွေလဲသွားလေသည်။

"အမလေး...ဖြစ်မှဖြစ်ရလေ"

ကားဘရိတ်အုပ်သံနှင့်အတူ စူးရှစွာအော်လိုက်သော် မိန်းမအသံများကို ကြားလိုက်ရပြီး ကားပေါ်မှ အသက်ခြောက်ဆယ် အရွယ်မျှရှိသော ရုပ်ရည်သန့်သန့် အဘိုးကြီးတစ်ယောက်၊ ဖြူဖြူနွဲ့နွဲ့အဘွားကြီးတစ်ယောက်နှင့် မိဇာနှင့် ရွယ်တူမျှရှိသော အသားညိုချော မိန်းမပျိုတစ်ယောက်တို့ ဆင်းလာကြသည်။

ကားဒရိုင်ဘာ ဘရိတ်အုပ်မြန်လိုက်သဖြင့် ဒဏ်ရာကြီးကြီးကျယ်ကျယ်မရဘဲ ပွန်းပဲ့သွားရုံမျှရှိသော ဒူးဆစ်နှင့်ခြေသလုံးကို လက်ဖြင့်ဆုပ်နယ်ရင်း ကားပေါ်မှဆင်းလာသော လူသိုက်ကို မိဇာကမျက်လုံးဝိုင်း

mgyoe.com

mgyoe.com


ကလေးဖြင့် ကြည့်နေသည်။

"မိန်းကလေး ဘယ်နားသွားသေးလဲဟင်"

အဘွားကြီးက ယုယကြင်နာစွာမေးရင်း မိဇာအနားတွင် ထိုင်လိုက်သည်။ မိဇာသည် ကားတိုက်မိသည့်အနာကို ဂရုမစိုက်နိုင်ရှာပေ။ ကိုကိုကြီးနှင့်သန်းတို့ တစ်ပတ်ပြန်ကျော့လာက တွေ့သွားတော့မည်ဟူသော စိုးရိမ်စိတ်ဖြင့် အဘွားကြီး၏အမေးကို မဖြေအားဘဲ နောက်ကြောင်းသို့လှည့်ကြည့်လိုက်မိ၏။ ဒဏ်ရာအနာထက် စိုးရိမ်မှုပိုကဲနေသော မိဇာ၏ အမူအရာ၊ ဝတ်ထားသည့် အင်္ကျီလုံချည်၊ အထူးသဖြင့် ဖိနပ်မပါသည်ကို အကဲခတ်မိသောအခါ အဘွားကြီးက မိဇာအားစေ့စေ့ကြည့်လိုက်သည်။ ပါးပေါ်မှ လက်ငါးချောင်းရာများ ညိုမည်းနေသည်ကို တွေ့ရ၏။

"မိန်းကလေး...အိမ်က ထွက်ပြေးလာတာထင်တယ်..." ဟု အဘွားကြီးက ပြောလိုက်လျှင် အဘိုးကြီးက ဦးခေါင်းညိတ်လိုက်၏။

"ကဲ...မိန်းကလေး ကားပေါ်တက်၊ မိန်းကလေးအိမ်ကို အဘကြီးတို့ လိုက်ပို့ပေးမယ်..."

အဘိုးကြီးက ထိုသို့ပြောလိုက်မှ မိဇာ၏နှုတ်မှ စကားထွက်လာသည်။

"ကျွန်မ–ကျွန်မ အိမ်ကြီးတစ်အိမ်က ကျွန်,မပါ အဘရယ်...၊ နှိပ်စက်လွန်းလို့ ထွက်ပြေးခဲ့ရတာပါ၊ ကျွန်မကိုပြန်မပို့ပါနဲ့"

မိဇာသည် တုန်ယင်သောအသံဖြင့် ပြောလိုက်၏။

"ဒါဖြင့် မိန်းကလေး ဘယ်ကိုသွားမှာလဲ၊ မိန်းကလေးမိဘဆွေမျိုးတွေက ဘယ်မှာနေလဲ"

အဘိုးကြီးက ထိုသို့မေးလျှင် မိဇာသည် စိတ်ကိုချုပ်တည်း၍ မရနိုင်အောင် ဝမ်းနည်းသွားတော့သည်။

mgyoe.com

mgyoe.com



"ကျွန်မမှာ အားကိုးစရာ မိဘဆွေမျိုး တစ်ယောက်မှမရှိတဲ့ တစ်ကောင်ကြွက်မပါ အဘရယ်၊ ကျွန်မ နေစရာလည်းမရှိပါဘူး၊ ပြန်စရာအိမ်လည်းမရှိပါဘူး၊ ကျွန်မနောက်ဆုံး အားကိုးစရာဟာ သေမင်းပါပဲ..."

မိဇာသည် တုံးတိတိပြောကာ လှိုက်လှဲစွာ ငိုကြွေးလိုက်ရှာသဖြင့် အဘိုးကြီး အဘွားကြီးမှာ များစွာစိတ်ထိခိုက်လေသည်။ တစ်ယောက်မျက်နှာတစ်ယောက် လျှင်မြန်စွာ ကြည့်လိုက်ကြရင်း...

"ကဲ...မိန်းကလေးထ၊ တို့နဲ့လိုက်ခဲ့"ဟု အဘိုးကြီးနှင့် အဘွားကြီးကပြိုင်တူပြောရင်း မိဇာကို ဆွဲထူလိုက်သည်။

သန်းခေါင်ထက်ဖြင့် ညဥ့်မနက်နိုင်တော့ဟု ယူဆသော မိဇာသည် နောင်အခါမှ ဖြစ်ချင်ရာဖြစ်စေတော့ဟူသော သဘောဖြင့် အဘိုးကြီးနှင့် အဘွားကြီးခေါ်ရာသို့ လိုက်ပါသွားလေတော့သည်။

"အဲ...အဘတို့ကလည်း အဲဒီနေ့က မန္တလေးပြန်မယ့်နေ့ပဲကွဲ့၊ အသံလွှင့်ရုံမှာ မြန်မာရိုးရာ သီချင်းကြီးတွေ အသံသွင်းဖို့ ကိစ္စလာစီစဉ်ပြီး အပြန်ဘူတာရုံ ဆင်းမယ့်ဆဲဆဲမှ မိုးနတ်မယ်နဲ့ အခုလိုကံအားလျော်စွာတွေ့လိုက်တာပဲ မောင်ရင်"

အဘိုးကြီးက စကားကို ရပ်နားလိုက်ပြီး ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိလိုက်၏။

"ဒါဖြင့် မိုးနတ်မယ်ကို အဘတို့ မန္တလေးတစ်ခါတည်း ခေါ်သွားတာပေါ့"

မည်သို့မည်ပုံ မသူဇာအငြိမ့် မင်းသမီးဖြစ်လာပုံ ရာဇဝင်ကိုသိလိုသော အဓိပ္ပာယ်ဖြင့် ကိုကိုလေးက မေးလိုက်၏။ အဘိုးကြီးသည် ဆေးပြင်းလိပ်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီးမှ စကားဆက်လိုက်၏။

"အင်း...မောင်ရင်ကြားဖူးမလား မပြောတတ်ဘူး...၊ ရတနာပုံနေပြည်တော် ကောင်းစားစဉ်က ဘုရင့်အသုံးတော်ခံ ဇာတ်မင်းသားကြီး

mgyoe.com

mgyoe.com


ဦးပန်းနွယ်ဆိုတာ…"

အဘိုးကြီးက စကားဖြတ်လိုက်ပြီး ကိုကိုလေး၏ မျက်နှာကိုအကဲခတ်သလို ကြည့်လိုက်သော်လည်း ကိုကိုလေးမှာ ဇာတ်သဘင် ဝါသနာပါသူမဟုတ်၍ သုတေသန မလုပ်ဖူးသူဖြစ်ရကား တုဏှိဘာဝေ ဆိတ်ဆိတ်ပင် နေလိုက်၏။ စိတ်ထဲတွင်မူကား… မသူဇာအကြောင်းမပြောဘဲ ဘာတွေလျှောက်ပြောနေပါလိမ့်ဟု စဉ်းစားလိုက်မိ၏။

"အဲဒီ ဦးပန်းနွယ် ဆိုတာ အဘတို့အဘိုးတော်တယ်။ သဘင်ရိုးရာအတိုင်း အဘတို့လည်း သဘင်အလုပ်နဲ့ အသက်မွေးခဲ့တာပဲ၊ အဘကတော့ ဟိုစဉ်နာမည်ကျော်ကြားခဲ့တဲ့ မင်းသားကြီးပေါ့ကွယ်။ ဖေယျာမောင်ကွန့်ဆိုတာအဘ ၊ ဇနီးအဲ–အခုမိုးနတ်မယ်နဲ့ ဘုရားသွားဖူးတဲ့ အမယ်ကြီးက ဇာတ်မင်းသမီး ရတနာပုံမယ်မြင့်တဲ့"

အဘိုးကြီးက စကားဖြတ်လိုက်ပြန်ပြီး ဆေးပြင်းလိပ်ကို ကြီးဖွာလိုက်ပြန်၏။ ရှေးဇာတ်သဘင်လောကမှာ နာမည်ကြီးခဲ့သော ဖေယျာမောင့်ကွန့်နှင့် ရတနာပုံမယ်မြင့်၏ နာမည်ကိုကား…ကိုကိုလေး သဲ့သဲ့မျှကြားဖူးမိသည်။

"ဟုတ်ကဲ့ အဘတို့နာမည်ကိုတော့ ကျွန်တော်ကြားဖူးပါတယ်"

ကိုကိုလေးက စိတ်မပါတပါဖြင့် ထောက်ခံလိုက်၏။

"အေး… အသက်အရွယ်က ထောက်လာတော့ မဆိုနိုင် မကနိုင်တော့ဘူးပေါ့၊ ဒါနဲ့ အငြိမ့်ကလေးထောင်မယ် စိတ်ကူးပြီး အဆိုအကဝါသနာပါတဲ့ ကလေးမကလေးတွေ ရှာဖွေသင်ကြားပေးပြီး အငြိမ့်ထောင်ခဲ့ပေမယ့် တယ်ပြီးမဟန်ခဲ့ပါဘူး၊ ကလေးမကလေးတွေကို အဘတို့ကစိတ်နဲ့မတွေ့၊ ကလေးမ ကလေးတွေကလည်း အဘတို့ကိုသဘောမကျ၊ လူတွေကလည်း အားမပေးတော့ ထောင်သမျှ အငြိမ့်ဟာပျက်ခဲ့တာချည်းပဲ…"

mgyoe.com

mgyoe.com


အသက်အရွယ်ကြီးရင့် အိုမင်းသူတို့မှာ အများအားဖြင့် စကားကြောရှည်တတ်ကြသည်ကို စဉ်းစားမိသော ကိုကိုလေးသည် အဘိုးကြီး၏ ဟိမဝန္တာ ချီးမွမ်းခန်းကို သည်းခံနားထောင်ရင်း သူသိလိုသော အကြောင်း မြန်မြန်ရောက်ပါစေတော့ဟု စိတ်တွင်းက တောင့်တလိုက်၏။ အဘိုးကြီးကား ဆေးပြင်းလိပ်ကြီး ဖွာနေပြန်ချေပြီ။ စကားမထောက်လျှင် ဆက်ဦးမည်မဟုတ်ဟု အကဲခတ်မိသော ကိုကိုလေးက...

"အခု မိုးနတ်မယ် အငြိမ့်ကိုတော့ ပရိသတ်က တော်တော်အားပေးပါတယ် အဘ" ဟုထောက်ခံလိုက်၏။

"ဟာ...မိုးနတ်မယ်လို ကလေးမမျိုးတော့ ရှာမှာရှားပဲ... မောင်ရင်၊ အဘတို့ကလည်း ခေတ်နဲ့ဆန့်ကျင်ဘက် ဆိုရင်လည်း ခံရမှာပဲ။ အငြိမ့်ဆိုတဲ့အတိုင်း ငြိမ့်ငြိမ့်ညောင်းညောင်း သိမ်မွေ့စွာ ကရမယ်၊ မြန်မာ့အနုပညာ စစ်စစ်သာလျှင် ဆိုရမယ်၊ ကိုယ့်ရိုးရာယဉ်ကျေးမှုမဟုတ်တဲ့ လူမျိုးခြား သီချင်းလေသံတွေ လိုက်ထားတဲ့တေးမျိုး၊ အနှစ်သာရ မရှိတဲ့ ချစ်သူမျှော်သီချင်းမျိုးဆိုပြီး မြန်မာ့အကကို သရုပ်ဖျက်ကတာ၊ ဆိုတာမျိုး၊ နောက်ပြီးလူရွှင်တော်တွေနဲ့ ပေါ့ပြက်ပြက် ပြောဆိုပြီး ရည်းစားရှာ ခိုင်းတဲ့ အပြောမျိုးကို လုံးဝမလိုလားဘူး။ အဲ–အရင်က အဘတို့မွေးခဲ့တဲ့မင်းသမီးတွေကဖြင့် အဘတို့ပုံသွင်းသလို မရှာဘူးကွဲ့။ အဘတို့သွင်းတဲ့ပုံစံအတိုင်း စနစ်တကျလိုက်ရင် ကြည့်ရတဲ့လူလည်း မငြီးငွေ့ဘဲ နှစ်သိမ့်နိုင်ပါတယ်။ မြန်မာ့ရိုးရာအနုပညာလည်း ပြောင်မြောက်စွာ ပေါ်လွင်မယ်။ အခုတော့ မဟုတ်ပေါင်...ကလက်တက်ကတ် ပျက်တက်တက် အမူအရာမှ ပရိသတ်ကြိုက်မယ်ထင်ပြီး မင်းသမီးတွေက စိတ်မပါ လက်မပါ ဆို–ကနေကြတော့ ဗမာ့အနုပညာလည်း မပြောင်မြောက်၊ ပရိသတ်ကလည်း စိတ်နဲ့မတွေ့ဖြစ်တော့ အရင် အဘတို့ ထောင်ခဲ့ဖူးတဲ့ အငြိမ့်တွေ ပျက်တာပေါ့ မောင်ရင်..."

mgyoe.com

mgyoe.com


အဘိုးကြီးက လိုရင်းရောက်အောင် မပြောသေးဘဲ ရပ်ဆိုင်းလိုက်ပြီး ဆေးပြင်းလိပ်ကြီးကို ဖွာနေပြန်သည်။ အဘိုးကြီး၏ စကားများမှာ အနှစ်သာရ ရှိလှသော်လည်း ကိုကိုလေးက စိတ်မပါဘဲ သည်းခံနားထောင်နေရသည်။ ဆေးလိပ်အဖွာရပ်ပြီး စကားဆက်အောင် ကိုကိုလေးက ထောက်ခံရပေဦးမည်။

"ဟုတ်ကဲ့...အဘပြောတာတွေသိပ်ပြီး တန်ဖိုးရှိလှပါတယ်၊ ဒါနဲ့ မိုးနတ်မယ်က အဘတို့ပုံသွင်းသလို အငြိမ့်မင်းသမီး ဖြစ်သွားတာပဲလား..."

ထိုအခါမှ အဘိုးကြီးက ဆေးပြင်းလိပ်ကြီးကိုချထားလိုက်ပြီး စကားဆက်ပြန်သည်။

"အေး...မိုးနတ်မယ်ကို အဘတို့ခေါ်သွားပြီး မန္တလေးရောက်တော့ အဘတို့ပထမ ရည်ရွယ်ခေါ်ထားတဲ့ မိန်းကလေးက အခုတင်က အဘပြောခဲ့သလို စိတ်ကြိုက်မဖြစ်တော့ ထွက်သွားပြီလေကွယ်...၊ အဲဒီမှာမိုးနတ်မယ်က သူလည်းအနယ်နယ်အရပ်ရပ်ကို လှည့်လည်လိုတဲ့ ဆန္ဒရှိပါတယ်၊ အဘတို့က သဘောတူမယ်ဆိုရင် သူ့ကိုအဆို အကသင်ပေးပါ၊ အဘတို့ ကျေးဇူးဆပ်လိုပါတယ်လို့ ပြောတော့တာကိုး၊ အဘကလည်း သူများအိမ်မှာ အစေခံလုပ်ခဲ့ဖူးတဲ့ မိန်းကလေးဆိုတော့ ဟန်မှ ဟန်ပါ့မလားလို့ မယုံမရဲဘဲကွဲ့၊ ဒါပေမဲ့ ဘယ်လောက်အောင်မြင်နေတယ်ဆိုတာ မောင်ရင်တို့ အမြင်ပါပဲ..."

အဘိုးကြီးက စကားဖြတ်ပြီး ဆေးပြင်းလိပ်ကြီးကို ကိုင်မည်အပြုတွင် ကိုကိုလေးကပျာကသီ သူလိုချင်သော အဓိပ္ပာယ်ရောက်အောင် စကားဆက်လိုက်၏။

"မိုးနတ်မယ်က အဘတို့ပုံသွင်းတဲ့အတိုင်း ဖြစ်ပြီပေါ့...၊ အဘတို့နဲ့ပဲ နေပါသလား..."

mgyoe.com

mgyoe.com


ကိုကိုလေးက မိုးနတ်မယ်မှာ ပိုင်ဆိုင်သူရှိမရှိ သိလိုသဖြင့် မေးလိုက်ရာ အဘိုးကြီးသည် ဆေးပြင်းလိပ်ကြီးကို ပြန်ချထားပြီး ဆက်ပြောပြန်သည်။

"ဟာ…မိုးနတ်မယ် လိမ္မာပုံတော့ မပြောနဲ့တော့၊ အဘတို့နဲ့ နေလိုက်သမှ သမီးအရင်းလိုပဲ၊ ဘယ်အခါမှသူတစ်ယောက်တည်း စည်းမဲ့ကမ်းမဲ့ မသွားမလာဘူး၊ အဘနဲ့သူ့အမေနဲ့ တစ်ယောက်ယောက်ပါသွားမှ သူအပြင်ထွက်တယ်၊ ရပ်ချော နာမည်ကြီးအငြိမ့်မင်းသမီးအပျိုဆိုရင် မောင်သိတဲ့အတိုင်းဖျက်ဆီးချင်တဲ့ သူတွေက တယ်များကိုးကွဲ့၊ ငွေနဲ့ပေါက်တာကတစ်မျိုး၊ လက်ဆောင်နဲ့ မက်မောအောင် ဆွယ်တာကတစ်ဖုံ၊ ဩဇာအာဏာရှိတဲ့ လူဒလန်လွှတ်ပြီး အယုံသွင်း တာကတစ်သွယ်။ အင်း… အဘတို့ တတ်နိုင်သရွေ့ စောင့်ရှောက်သော်လည်း ငယ်တဲ့အရွယ်ဆိုတာ မသိနိုင်ဘူး၊ ငါတို့သမီးကလေး ရေတိမ်များနစ်လေမလားလို့ စိတ်ပူမိတယ်၊ အငြိမ့်မင်းသမီးဆိုတာကလည်း ဒါမျိုးနဲ့ကင်းတဲ့လူခပ်ရှားရှား ကိုးကွဲ့၊ ဒါပေမဲ့ မိုးနတ်မယ်က တည်ကြည်လိုက်တာမှ သူ့ကိုယ်သူမှဲ့တစ်ပေါက် မစွန်းအောင် ထိန်းနိုင်တဲ့ မိန်းကလေးကွဲ့၊ နောက်ပြီး ထူးခြားတာတစ်ခုက အဘရယ်တဲ့၊ အငြိမ့်ကပြီး စခန်းသိမ်းခါနီးမှာ ဆိုရမည့် သီချင်းကိုကျွန်မ စိတ်ကြိုက်ရေးစပ်ပေးပါတဲ့။ ဒါနဲ့ သူ့အလိုကျ မိခင်ပျောက်ရှာပုံတော် သီချင်းကို အဘကိုယ်တိုင် ယိုးဒယားက ပီသွားအလိုက် ရေးပေးရတယ်။ အဲဒီသီချင်းနဲ့ပဲ ပရိသတ်က သူ့ကို ကြင်နာသနားပြီး အားပေးနေကြတာပဲ။ အဲ…သူ့လက္ခဏာကလည်း အနုပညာနဲ့ အကျိုးပေးမယ့်လက္ခဏာ ထင်ထင်ရှားရှားပါတဲ့အပြင် သူ့လက်ဝါးအလယ်မှာ…"

အဘိုးကြီး၏ စကားမဆုံးမီ အိမ်ရှေ့တွင် ဂျစ်ကားတစ်စီး ထိုးရပ်လိုက်ပြီး သားနားစွာ ဝတ်ဆင်ထားသော အသက်လေးဆယ်အရွယ်မျှ

mgyoe.com

mgyoe.com


ရှိသည့် အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက် ဆင်းလာသည်။ အဘိုးကြီးသည် ပြောလက်စ စကားကိုဖြတ်ကာ...

"အော်...သူဌေးတစ်ယောက် အလှူပွဲမှာ မိုးနတ်မယ်အငြိမ့်ငှားဖို့လွှတ်လိုက်တဲ့ လူတွေကပဲ" ဟုပြောရင်း ဧည့်သည်များအား ခရီးဦးကြိုဆိုရန် နေရာမှထလိုက်သည်။ ကိုကိုလေးသည် နာရီကိုကြည့်လိုက်ရာ ခြောက်နာရီထိုးလုနီးပြီကို တွေ့ရ၏။ အဘိုးကြီး စကားကြောရှည်နေသည့်အတွက် မိုးနတ်မယ်၏ နာမည်အရင်းကို မေးရန်ပင် အချိန်မရလိုက်ချေ။မိုးနတ်မယ်ကလည်း ပြန်မရောက်သေး။ နောက်ရောက်လာသည့် ဧည့်သည်များရှေ့တွင် ဖွတ်ပေပြီးထိုင်စောင့်ရန်မှာ ဣန္ဒြေမဲ့ရာရိုင်းစိုင်းရာ ရောက်နေသည့်အတွက် ကိုကိုလေးသည် အဘိုးကြီးအားနှုတ်ဆက်ပြီး ပြန်လာခဲ့လေသည်။

* * *

မည်သို့ပင်ဖြစ်စေ မိုးနတ်မယ်မှာ မသူဇာပင်ဟု သေချာသလောက် ဖြစ်နေသည့်ပြင် ဣန္ဒြေသိက္ခာရှိစွာဖြင့် ပိုင်သူမဲ့သဇင်ပန်းတစ်ခက် ဖြစ်နေခြင်းက ကိုကိုလေးအား များစွာစိတ်ချမ်းသာမှု ဖြစ်စေတော့၏။ ကားကလေးကို ကားရုံထဲသွင်းလိုက်ပြီး ပေါ့ပါးကြည်လင်သောစိတ်ဖြင့် လေကလေးချွန်ကာ အိမ်ပေါ်တက်လာသော ကိုကိုလေးသည် ဧည့်ခန်းထဲတွင် ထိုင်နေသော မိန်းမပျိုတစ်ယောက်အား မမျှော်လင့်ဘဲ တွေ့လိုက်ရသည်တွင် ကြီးစွာအံ့အားသင့် သွားလေတော့သည်။

"သန်းပါကိုကိုရယ်...၊ တစ္ဆေခြောက်တယ်များ ထင်နေသလား..."

ချစ်စဖွယ်အသံကလေးဖြင့် အေးအေးဆေးဆေး ပြောလိုက်သောသန်းအား ကိုကိုလေးသည် မယုံနိုင်အောင်ဖြစ်နေလေသည်။ ငါများမျက်စိမှားလေရော့သလားဟု ထင်လိုက်မိသည်။ ထမင်းစားခန်းတံခါး

mgyoe.com

mgyoe.com


ဝနားတွင် ကွယ်ပြီးထိုင်နေကြသော ကိုဘခင်နှင့်မလှအေးတို့ ဇနီးမောင်နှံက သန်းနှင့်ကိုကိုလေး လေပေးဖြောင့်မဖြောင့်ကို နားစွင့်နေကြသည့်။

"ဘယ်လိုများ ဘဝပြောင်း တစ်ဖြစ်လဲလာတာလဲ သန်း-"

ကိုကိုလေးက သန်းနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ရင်း မေးလိုက်၏။

"ကိုကိုက ခေတ်ဆန်ဆန် ဝတ်စားပြင်ဆင်တာ မကြိုက်ဘူးဆိုလို့ အခု ကိုကို့ စိတ်ကြိုက် မြန်မာအမျိုးသမီးပီပီ ဝတ်ဆင်နေပြီလေ..."

ဆံပင်ကို ရိုးရိုးယဉ်ယဉ် နောက်တွဲကလေးထုံးကာ အင်္ကျီလက်စကလေးကို ဝတ်ထားသောသန်းက သနပ်ခါးရေကျဲလေး လိမ်းထားသော မျက်နှာကို ချစ်စဖွယ် ပြုံးပြုံးကလေးထားပြီး ဖြေလိုက်သည်။ မြန်မာပီပီ ဝတ်ဆင်ထား၍ ရိုးရိုးကလေးနှင့် ယဉ်ကျေးချောမောနေသော သန်းအား ကိုကိုလေးက စေ့စေ့စပ်စပ်ကြည့်ကာ ဘယ်သူကများ တရားချလွှတ်လိုက်ပါလိမ့်ဟု စဉ်းစားရင်း...

"အခု ကိုယ့်ဆီကို ဘာကိစ္စနဲ့ လာတာလဲ" ဟုမေးလိုက်၏။

သန်းသည် မျက်နှာကလေး ငယ်သွားလေသည်။ အတန်ငယ် မျက်နှာအောက်ငုံ့နေပြီးမှ မဝံ့မရဲအသံကလေးဖြင့် ပြောလိုက်၏။

"အစ်ကိုကြီးနဲ့ မမစန်းလည်း ကြီးကြီးနဲ့ စကားပြော အဆင်မပြေလို့ သော်ကမြိုင်မှာ မနေတော့ဘူးကိုကို၊ ဆင်းသွားကြတာ လေးရက်ရှိပြီ။ ကြီးကြီးကလည်း ကျန်းမာရေး တော်တော်ချို့ယွင်းနေတယ်၊ ကိုကို့ကိုပဲ တမ်းတနေတယ်။ အိမ်မှာလည်း သန်းနဲ့မာလီ ကိုဖိုးလှကြီး မိန်းမပဲ ကြီးကြီးကို ပြုစုနေရတယ်။ မားမားမတ်မတ် အားကိုးစရာ ယောကျ်ားတစ်ဦးမှမရှိတော့ အားငယ်ပါတယ် ကိုကို။ သော်ကမြိုင်ကို ကိုကိုပြန်လာခဲ့ပါလို့ သန်း လာတောင်းပန်တာပါပဲ..."

သန်း၏လေသံမှာ ယခင်ကနှင့် လုံးဝမတူဘဲ ကြင်နာစရာကောင်း

mgyoe.com

mgyoe.com


လှသည်။ ကိုကိုလေးသည် ကျွန်မကလေး မိဇာကို သတိရလိုက်သည်နှင့် တစ်ပြိုင်နက် သူ့နဖူးကိုလည်း တစ်ချက်ပွတ်လိုက်မိသည်။

"ခင်ဗျား အစ်မနဲ့ခဲအိုက ကြီးကြီးနဲ့ ဘာဖြစ်ကြလို့လဲ..."

ကိုကိုလေး၏ လေသံမှာ ခပ်စိမ်စိမ်းပင်ဖြစ်၍ သန်းသည်ဝမ်းနည်းသော အရိပ်ယောင်ပေါ်နေသည့် မျက်နှာကလေးဖြင့် ကိုကိုလေးအား ကြည့်လိုက်ပြီး...

"ခင်အောင်မြင့် ကုမ္ပဏီပျက်လို့ ကြီးကြီးက စိတ်ဆိုးပြီး နှင်ချတာ..." ပြောလိုက်သော်လည်း ကိုကိုလေးက ယုံကြည်ဟန်မပြချေ။

"မဟုတ်သေးပါဘူးလေ သန်းရဲ့၊ ကုမ္ပဏီပျက်နေတာက ကြာပါပြီ၊ အခုမှ စိတ်ဆိုးတယ်ဆိုတာ ဟုတ်ကိုမဟုတ်ဘူး။ ကျန်နေသေးတဲ့ ပစ္စည်းတွေကို သူတို့လက်ထဲ မအပ်ဘဲ ဘဏ်မှာအပ်လိုက်လို့ စိတ်ဆိုးပြီး ဆင်းသွားကြတာ မဟုတ်လား"

သော်ကမြိုင်အကြောင်းကို သိတန်သရွေ့ သိပြီးဖြစ်သော ကိုကိုလေးက အတပ်သိသလိုပြောလိုက်ရာ သန်းသည် ခေါင်းငုံ့နေလေသည်။

"အဘွားကြီး ပစ္စည်းတွေ လုပ်ချင်ရာလုပ်ပြီး စိတ်တိုင်းကျမဖြစ်တော့ လူမမာကြီးသေချင်ရာ သေပါစေလို့ ရက်ရက်စက်စက် သဘောထား ဆင်းသွားကြတာ အံ့ပါရဲ့ဗျာ၊ ကိုယ့်အစ်ကိုက တော်ကာစပ်ကာမို့ထားပါတော့၊ ခင်ဗျားတို့ညီအစ်မက ကြီးကြီးထိပ်ပေါ်တင် မြှောက်စားလာခဲ့တဲ့ တူမတွေမဟုတ်လား"

ကိုကိုလေးက စိတ်မကောင်းစွာဖြင့် ပြောလိုက်ရာ သန်းသည် ခြေသုတ်ပုဆိုး–မြေခွယ်ကျိုးသို့ ဦးခေါင်းလျှိုးငုံ့နေရှာသည်မှာ သနားဖွယ်ကောင်းလှသည်။

"အခုကြီးကြီးဖြစ်တာ ဘာရောဂါလဲ၊ ဘာဆေးတိုက်ပြီး ဘာဆေးထိုးပေးနေသလဲ"

mgyoe.com

mgyoe.com


ကိုကိုလေးက ကောက်ကာငင်ကာ မေးလိုက်ရာ... သန်းသည် ထိတ်လန့်တကြား ဖြစ်သွားလေသည်။

"ဆရာဝန်က သင့်တော်သလို ကုနေတာပဲ" ဟုမျက်နှာခပ်ပျက် ပျက်ဖြင့် ဖြေလိုက်လေသည်။

"ကိုယ်မေးတာ သန်းတိတိကျကျမဖြေပါ့ကလား၊ အဘွားကြီး အနားမကပ်ဘဲ ပစ်ထားတယ်ဆိုတာ အခိပ္ပာယ်ပေါ်နေပြီ..." ကိုကိုလေး က ထိုသို့ပြောရင်း နာရီကိုကြည့်လိုက်၏။

"ကိုကိုဆင်းသွားပြီး သန်းလည်း စိတ်မကောင်းလို့ ဘာကိစ္စမှ စိတ်မဝင်စားဘဲ ဖြစ်နေပါတယ်။ သော်ကမြိုင်ကို ပြန်လာခဲ့ပါကိုကို၊ ကြီးကြီးကို သန်း–ကောင်းကောင်းမွန်မွန် အနားကမခွာဘဲ ပြုစုပါ့မယ်၊ ကြီးကြီး စိတ်ချမ်းသာအောင် လိုက်လျောပါ ကိုကိုရယ်၊ သန်းတောင်း ပန်ပါတယ်"

သန်းသည် လက်ကိုင်ပဝါ ဖြူကလေးဖြင့် မျက်လုံးကို တို့လိုက် ၏။ ကိုကိုလေးက သန်း၏စကားကို မဖြေပေ။

"ရှစ်နာရီထိုးတော့မယ်၊ သန်း ဘယ်သူနဲ့ လာသလဲ...ကားရော..."

"သန်းအငှားကားနဲ့ လာခဲ့တယ်ကိုကို..."

"အိမ်က ကားဘာဖြစ်လို့လဲ"

သန်းသည် အနည်းငယ်တွေနေလိုက်ပြီးမှ "အိမ်ကကားကို အစ်ကို ကြီးနဲ့ မမစန်းတို့ယူသွားပါတယ်။ ကြီးကြီး မသိသေးပါဘူး" ဟု ခပ်တိုး တိုးပြောလိုက်၏။

"တောက်" ကိုကိုလေး၏ တောက်ခေါက်သံ ဖြစ်သည်။

"ကိုဘခင်...ကားသွားထုတ်စမ်းဗျာ..." ဟု ကိုကိုလေးက လှမ်း ပြောလိုက်ပြီး..."လာ အသန်း ကိုယ်ပြန်ပို့ပေးမယ်" ဟု သန်းအား တစ်ဆက်တည်းပြောရင်း တံခါးရှိရာသို့ ထသွားလေ၏။

mgyoe.com